# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လကွယ်၊ အင်္ဂါနေ့၊ (16-6-2015) (၈၂၃၃)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ရွှေတံဆိပ်မရခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်ခဲ့မှုအပေါ် ဂုဏ်ယူမိကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန် ဖုန်းဆက်ပြောကြား

**နေပြည်တော် ဇွန် ၁၅**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးဗိုလ်လုပွဲယှဉ်ပြိုင်ပြီးချိန် ဇွန် ၁၅ ရက် ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသော အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ ဖုန်းဆက်၍ မြန်မာဘောလုံးအသင်းကစားသမားများအနေဖြင့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်နိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း။

ရွှေတံဆိပ်မရရှိခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်ခဲ့မှုအပေါ် မြန်မာပြည်သူတစ်ရပ်လုံးကိုယ်စား ဂုဏ်ယူမိပါကြောင်း၊ အသင်းသားများအားလုံးသည် ပြည်သူသန်း ၅၀ ကျော်၏ ရင်ထဲမှ ချစ်ခြင်းမေတ္တာကို ရရှိထားပြီးဖြစ်ပါကြောင်း၊ မြန်မာအသင်းနည်းပြဦးကြည်လွင်ခေါင်းဆောင်သည့် ဘောလုံးသမားများနှင့် တာဝန်ရှိသူအားလုံး ပြည်သူများ၏ ချန်ပီယံများဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများကို ဆက်လက်ပြောကြားပေးပါရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




ဇွန် ၁၅ ရက်က စင်ကာပူနိုင်ငံတွင်ကျင်းပသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မြန်မာ ယူ-၂၃ အသင်းအား ဆုယူအပြီးတွေ့ရစဉ်။
(ဓာတ်ပုံ-စိုးညွန့်)


## မြန်မာ-ထိုင်း စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

စာမျက်နှာ ➤ ၃

## လိပ်ပါးနီ (သို့မဟုတ်) မမွေးသင့်သော အိမ်မွေးတိရစ္ဆာန်လိပ်မျိုးစိတ်

စာမျက်နှာ ➤ ၁၀



**ကြေးမုံ စာတည်းရှုထောင့်** — **၁၆-၆-၂၀၁၅၊ အင်္ဂါနေ့**

# သဘာဝဘေးကြိုတင်ကာကွယ်

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိသော နိုင်ငံများတွင် ပါဝင်သည်။ သဘာဝဘေးနှင့်ကြုံတွေ့ရပါက ထိခိုက်ပျက်စီးဆုံးရှုံးရမှုများနှင့် ကြုံတွေ့ရလေ့ရှိပါသည်။ ထို့ကြောင့် သဘာဝဘေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေသောကြောင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးအစီအမံများတွင် အလေးထားပါဝင်ဆောင်ရွက်ကြရပါမည်။

ကြုံတွေ့ခဲ့ရဖူးသော ထင်ရှားသည့်အဖြစ်အပျက်များကို ကြည့်မည်ဆိုလျှင် ၂၀၀၈ ခုနှစ် မေလက ထိခိုက်သေဆုံးမှုအများဆုံးဖြစ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ခုနှစ် အောက်တိုဘာလက တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၁ ခုနှစ် မတ်လက လူသေဆုံးမှုများပြားခဲ့သော တာလေငလျင်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလက ကြုံတွေ့ခဲ့သည့် လူအသေအပျောက်များခဲ့သည့် မကွေးတိုင်းဒေသကြီးအတွင်းမှ လျှပ်တစ်ပြက်ရေကြီးမှု၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ထိခိုက်ပျက်စီးမှုများခဲ့သော သပိတ်ကျင်းငလျင်နှင့် နှစ်စဉ်အနယ်နယ်အရပ်ရပ်မှ ရေကြီးရေလျှံမှုဖြစ်စဉ်များ မှာ သတိပြုယူဖွယ် သဘာဝဘေးများဖြစ်ပါသည်။

ထို့ကြောင့် ကြိုတင်ခန့်မှန်းရခက်ခဲသော အဖျက်စွမ်းအားကြီးမားသည့် သဘာဝဘေးအန္တရာယ်များကို အလေးထားသတိပြုကြရမည်ဖြစ်သည်။ သဘာဝဘေးနှင့်ကြုံတွေ့ရပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံး ဖြစ်စေရန်အတွက် ထိရောက်လျင်မြန်သော စနစ်တကျရွှေ့ပြောင်းရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူလူထုကိုယ်တိုင်ပါဝင်သော သဘာဝဘေးမှ ရှောင်ရှားရေးဇာတ်တိုက်လေ့ကျင့်မှုများကို ကြုံတွေ့နိုင်သည့် မြို့အသီးသီးတွင် ဆောင်ရွက်နေကြသည်မှာ ကောင်းမွန်သော အစီအမံများဟုဆိုရမည်ဖြစ်သည်။

စစ်တွေ၊ ပဲခူး၊ ပေါင်၊ တပ်ကုန်း၊ ဘားအံ၊ ဟားခါး၊ ကွမ်းခြံကုန်း၊ ညောင်ဦး၊ ကော့သောင်း၊ ပခုက္ကူ၊ လွိုင်ကော်၊ ဖျာပုံ၊ ရှမ်းပြည်နယ် မိုးသောက်ကျေးရွာအုပ်စုတို့မှ မုန်တိုင်းအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများမှာ နမူနာကောင်းများဟု ဆိုနိုင်ပါသည်။ ၎င်းမြို့ရွာများကဲ့သို့ သဘာဝဘေးနှင့်ကြုံတွေ့နိုင်သော အခြားမြို့ရွာများတွင်လည်း မိုးကြိုကာလ ပြည်သူများပါဝင်သော ဇာတ်တိုက်လေ့ကျင့်မှုများကို အလေးထားဆောင်ရွက်ကြဦးမည်ဟု မျှော်လင့်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စီမံခန့်ခွဲသူ၊ လိုက်နာဆောင်ရွက်သူ၊ ပူးပေါင်းပါဝင်ဆောင်ရွက်သူ၊ ထောက်ပံ့ရေးပစ္စည်းစုဆောင်းပေးသူ၊ ထောက်ပံ့ရေးဆောင်ရွက်ပေးသူတို့အနေဖြင့် သူ့အပိုင်းနှင့်သူ အကွက်ကျကျ အချိတ်အဆက်မိမိဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးကြိုတင်ကွယ်ရေးလုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန်ပြီး ထိရောက်အောင်မြင်မှုများ ရရှိလာမည်ဟု ယုံကြည်ပါသည်။

ဤနေရာတွင် ပြည်သူများ လိုက်နာဆောင်ရွက်တတ်သည့် အလေ့အထဖြစ်အောင် အသိပညာပေးမှုများကလည်း အရေးကြီးပေသည်။ လူအများနှင့်အရေးပေါ်ဖြေရှင်းရသောကိစ္စရပ်ဖြစ်သောကြောင့် ကျန်းမာရေးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကူးစက်ရောဂါမဖြစ်ပွားရေးတို့ကိုလည်း သတိကြီးစွာဖြင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။ သဘာဝဘေးကာလတွင် ပြည်သူများထံသို့ မှန်ကန်သော သတင်းအချက်အလက်များ မြန်မြန်ဆန်ဆန် အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများသာမက ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် ပြည်သူအားလုံး ညီညီညွတ်ညွတ် စနစ်တကျ ပူးပေါင်းဆောင်ရွက်မှသာ ထိရောက်အောင်မြင်သော လုပ်ငန်းစဉ်ဖြစ်ပေလိမ့်မည်။ မုန်တိုင်းကျရောက်ရာဒေသမှ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ၏ အသိပေးထုတ်ပြန်မှုများကို တိကျစွာလိုက်နာကြဖို့လည်း လိုပေသည်။

သို့ဖြစ်ရာ တားဆီး၍မရနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်မှုများဖြင့် ထိခိုက်ဆုံးရှုံးပျက်စီးမှု လျော့ပါးအောင် ဆောင်ရွက်နိုင်သောကြောင့် ယခုကဲ့သို့ မိုးဦးလေဦးကာလများတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားသော အသိစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။



## သထုံခရိုင်တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စုပေါင်းလေ့ကျင့်

**သထုံ ဇွန် ၁၅**

မွန်ပြည်နယ် သထုံခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အများပြည်သူတို့ အသက်အိုးအိမ်စည်းစိမ်ကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းရည်ပြည့် ကူညီဆောင်ရွက်နိုင်ရန်အတွက် သထုံခရိုင်မီးသတ်ဦးစီးဌာနမှ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းလေ့ကျင့်ခြင်းနှင့် သရုပ်ပြသခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်းက "သထုံခရိုင်မှာရှိတဲ့ သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်တွေမှ မီးသတ်စခန်းတိုင်း ကျွန်တော်တို့မြို့နယ်အလိုက် အခုလိုစုပေါင်းလေ့ကျင့်တာ၊ အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရေဘေး၊ လေဘေးအန္တရာယ်တွေအတွက် မုန်တိုင်းကျရောက်နိုင်တဲ့ ကမ်းရိုးတန်းဒေသက ကျေးရွာတွေမှာ ဇာတ်တိုက်လေ့ကျင့်တာတွေမပြတ်ဆောင်ရွက်နေပါတယ်။ တပ်ဖွဲ့ဝင်တွေက လေ့ကျင့်မှုစွမ်းရည်ကောင်းမှသာ အရေးကြုံလာရင် အကောင်းဆုံးပြည်သူ့အကျိုးပြုနိုင်မှာပါ"ဟု ဇွန် ၁၄ ရက်က သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာတွင် ပြုလုပ်သည့် သန္တေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ရာ၌ ပြောသည်။

ယင်းသို့ လေ့ကျင့်ရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာစနစ်တကျ အသုံးပြုနိုင်ရေး၊ သဘာဝဘေးဖြစ်ရာ နေရာများကို အလျင်မြန်ဆုံးရှာဖွေသွားရောက်ကာ ကူညီကယ်ဆယ်နိုင်မည့် နည်းလမ်းများ စုပေါင်းရှာဖွေခြင်း၊ ဘေးလွတ်ရာနေရာများသို့ ရှာဖွေသတ်မှတ်ခြင်းအစရှိသည့် သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးနှင့် သက်ဆိုင်သည့် နည်းပညာများကို သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၅**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၃၈၀၀၀ - ၇၃၈၀၀၀ |
| မန္တလေး ရွှေဈေး | ၇၃၈၀၀၀ - ၇၃၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း**


| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၈-၆-၂၀၁၅ ရက်နေ့မှ ၁၂-၆-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၇၇၀ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၈၅ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၀. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၇. ၉၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၈၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၀၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၂၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၅. ၀၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၁၉၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၄. ၃၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၀. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




### မွေးသက္ကရာဇ်အမှန်

အဖ ဦးခင်မောင်ဌေး၏ သားကိုလပြည့်ဝန်း [၁၂/ပဘတ(နိုင်)၀၃၀၉၈၆]၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁-၁၉၈၈ ဖြစ်ပါသည်။




### တိုက်ခန်း(ငှား)

သုခလမ်း(လှိုင်)၊ (၁၅×၅၅)ပေ၊ 5F-1.5L., 4F-2L၊ ဗိုလ်တထောင် ဘုရားလမ်းမ၊ ပေ(၂၅×၆၀)၊ 5F-4L
Ph:09-30003595

### မြေကွက်များရောင်းမည်

လှည်းကူးမြို့အနီး- ပဲခူးရန်ကုန်လမ်းမဘေး- ပေ(၄၀×၆၀) ၄၅ သိန်း၊ ၅၅ သိန်း
ဖုန်း-၀၉-၇၉၉၉၄၀၇၀၁၊
-၇၉၉၉၄၀၇၀၂၊
-၃၀၂၃၉၉၅၀

### ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၆-၂၀၁၅ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၈)ပါ အထူးလိုက်လှဲဝမ်းသာစွာဂုဏ်ပြုအပ်ပါသည် ကြော်ငြာတွင် မောင်မင်းသန့် ခုံအမှတ် (ဆကရ-၃၈၂) ဟုပြင်ဆင်ဖတ်ရှုပါရန်။

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မိတ္ထီလာမြို့၊ ထီလာဦး မျက်စိအထူးကုဆေးခန်းပိုင်ရှင် ဒေါက်တာခင်ဇော်ထွန်း (မျက်စိအထူးကု)နှင့် ဒေါက်တာညိုညိုဝင်း (သားဖွားမီးယပ်ပါရဂူ)တို့၏သမီး မညိုသက်ထားခင်(မလ-၃၃၉)သည် ၂၀၁၄-၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်(၅)ဘာသာဂုဏ်ထူး (အမှတ်ပေါင်း-၅၂၉)မှတ်ဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဗလငါးတန်မျက်စိအလင်းဌာနအဖွဲ့
မလှိုင်မြို့။



# မြန်မာ-ထိုင်း စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pridiyathorn Devakula တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ **(ယာပုံ)**




လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် Mr. Pridiyathorn Devakula တို့၏ ရှေ့မှောက်၌ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့အကြား စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Dr. Narongchai Akrasanee တို့က လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Dr.Narongchai Akrasanee တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီးချုပ်တို့သည် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာစားသုံးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် ၂၆ နှစ် ရှိပြီဖြစ်ကာ ယခုရေးထိုးသည့် နားလည်မှုစာချွန်လွှာသည် ယခင် လက်မှတ်ရေးထိုးခဲ့သော စာချွန်လွှာနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ စွမ်းအင်ဖူလုံရေး၊ အကျိုးစီးပွားဖြစ်ထွန်းရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ယခုနားလည်မှုစာချွန်လွှာတွင် သဘာဝဓာတ်ငွေ့အရည်တင်သွင်းဖြန့်ဖြူးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပါဝင်ပြီး လက်ရှိစွမ်းအင်လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှုကွာဟချက်ကို ကျဉ်းမြောင်းလာစေရန်နှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ဖူလုံရေးအတွက် အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ Myanmar Egress အဖွဲ့မှ သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၁၅**

Myanmar Egress အဖွဲ့မှ ဦးလှုထွန်းခိုင်ဦးစီးသော တာဝန်ရှိသူငါးဦးနှင့် သင်တန်းသား ၄၈ ဦးတို့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံသည်။ **(ယာပုံ)**



အစီအစဉ်အရ Myanmar Egress အဖွဲ့မှ ဦးလှုထွန်းခိုင်က မိတ်ဆက်စကားပြောကြားပြီး သင်တန်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှ ဆောင်ရွက်နေသော အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သင်တန်းသားများက ပြည်ပရောက် မဲပေးခွင့်ရှိသူများ၊ ပြည်ပသို့ တရားဝင်သွားရောက်နေထိုင်သဖြင့် ပြည်တွင်း၌ (၁၀)နှစ် ဆက်တိုက် နေထိုင်ခြင်းမရှိသူများ မဲပေးခွင့် ရှိ/မရှိ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားအမည်မဖော်ပြနိုင်၍ တခြားစာရင်းတွင်ပါဝင်သူများအနေဖြင့် မဲပေးခွင့် ရှိ/မရှိ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အများယုံကြည်လေးစားသူများကို ရွေးချယ်ခန့်အပ်ပုံ၊ ရက်ပေါင်း ၁၈၀ ကျော်လွန်နေထိုင်သူများ မဲပေးနိုင်မှု၊ ရွေးကောက်ပွဲနေ့တွင် မဲရုံတိုင်း၌ ပါတီကိုယ်စားလှယ်များ ထားရှိခွင့် ရှိ/မရှိ၊ မဲရုံများတွင် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများအား ခွင့်ပြုမည့် အတိုင်းအတာတို့အား မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီးနောက် နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အနာဂတ်ကို ဦးဆောင်မည့်သူများမှာ လူငယ်များဖြစ်ကြောင်း၊ လူငယ်များကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ Myanmar Egress မှ သင်တန်းသားလူငယ်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့ကို လေ့လာဆည်းပူးနေသည်နှင့်အညီ Vision ရှိရန်လိုကြောင်း၊ Vision ရှိမှသာ Plan ကို ချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ ကော်မရှင်အနေဖြင့် လွတ်လပ်မျှတသောရွေးကောက်ပွဲကို ကျင်းပပေးမှာဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အခြေခံမဲစာရင်း ပြုစုနေမှုအခြေအနေနှင့် ပြည်သူလူထုအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမည့် ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရေး ပူးပေါင်းပညာပေးဆောင်ရွက်ကြရန် ပြောကြားသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆောင်းပါးများ ရေးသားပေးပို့နိုင်

**နေပြည်တော် ဇွန် ၁၅**

ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့၌ ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူများအနေဖြင့် ဆောင်းပါးများရေးသားပေးပို့နိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။ **(ကြေးမုံ)**

## ကိုရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးသစ်လင်းအုန်း၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၁၆**

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဇွန် ၃ ရက်တွင် ပြုံယမ်းမြို့၌ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်နိုင်ငံရေးဦးဆောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# တောင်ကိုရီးယားတွင် မားစ်ရောဂါကြောင့် သေဆုံးသူ ၁၆ ဦးရှိ ရောဂါထိန်းချုပ်နိုင်မှုပျက်ကွက်သည့်အတွက် ဆေးရုံများတောင်းပန်

**ဆိုးလ် ဇွန် ၁၅**

တောင်ကိုရီးယားနိုင်ငံတွင် အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာ (Middle East Respiratory Syndrome-MERS) မားစ်ရောဂါကြောင့် လူနှစ်ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၁၆ ဦးအထိရှိသွားပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

မားစ်ရောဂါကြောင့် နောက်ဆုံးသေဆုံးခဲ့သူများမှာ အသက်(၆၁)နှစ်နှင့် (၅၈)နှစ်ရှိ အမျိုးသားနှစ်ဦးဖြစ်ကြောင်းနှင့် နောက်ထပ် လူငါးဦး မားစ်ရောဂါကူးစက်ခံရသည့်အတွက် ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၀ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

မားစ်ရောဂါထိန်းချုပ်နိုင်မှုပျက်ကွက်ခဲ့သည့်အတွက် တောင်ကိုရီးယားဆေးရုံတစ်ရုံမှ တာဝန်ရှိသူတစ်ဦးက တောင်းပန်စကားဆိုခဲ့သည်။

ဆမ်ဆောင်း ဗဟိုဆေးဝါးဌာနဉက္ကဋ္ဌ ဆောင်ဂျေဟွန်က အသက် (၅၅)နှစ်အရွယ်ရှိ အရေးပေါ်ကျန်းမာရေးဌာနမှ အမျိုးသားတစ်ဦး မေလနှောင်းပိုင်းက လူနာများကို ဆေးရုံသို့ပို့ဆောင်ပေးစဉ် မားစ်ရောဂါကူးစက်ခံခဲ့ရကြောင်း၊ အဆိုပါအမျိုးသားမှာ မားစ်ရောဂါလက္ခဏာများ ပြသနေသော်လည်း ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့အထိ အလုပ်လုပ်နေခဲ့ကြောင်းနှင့် ရောဂါထိန်းချုပ်နိုင်မှုပျက်ကွက်ခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းမှ ပြည်သူများကိုတောင်းပန်ပါကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆေးရုံက အဆိုပါအမျိုးသားနှင့် အဆက်အဆံရှိသူများကို ရှာဖွေလျက်ရှိသည်။ တောင်ကိုရီးယားတာဝန်ရှိသူများက ရောဂါကူးစက်ခံထားရသူများနှင့် ဆက်နွယ်ပတ်သက်သည့် လူ ၅၂၀၀ ကို သီးသန့်ခွဲထားသည်။ **အင်န်အိတ်ချ်ကေ။**



# ယူကရိန်းနှင့်ထိစပ်နေသည့် နယ်စပ်ကိုစောင့်ကြည့်ရန် ဆလိုဗက်ကီးယားက ကင်မရာသစ်များ ဝယ်ယူ

**ဘရာတစ်လာဗာ ဇွန် ၁၅**

ဆလိုဗက်ကီးယားနိုင်ငံသည် အရှေ့ဘက်နယ်စပ်ကို စောင့်ကြည့်ရန် ယူရို ၁. ၃ သန်း(အမေရိကန်ဒေါ်လာ ၁. ၄၆ သန်း) တန်ကြေးရှိ ကင်မရာစုစုပေါင်း ၄၇ လုံး ဝယ်ယူလိုက်ပြီး ယူကရိန်းနိုင်ငံနှင့် ထိစပ်လျက်ရှိသည့်နယ်စပ်ကို ကာကွယ်စောင့်ရှောက်မှုမြှင့်တင်လိုက်ကြောင်း ဆလိုဗက်ကီးယား ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ဆလိုဗက်ကီးယား-ယူကရိန်းနယ်စပ်ကို လက်ရှိအချိန်တွင် ရာပေါင်းများစွာသော ကင်မရာများဖြင့် စောင့်ကြည့်လျက်ရှိသည်။ ဆလိုဗက်ကီးယားပြည်ထဲရေးဝန်ကြီးဌာနသည် ယခုအခါ တောင်ကုန်းပိုမိုထူထပ်သည့် နယ်စပ်မြောက်ပိုင်းဒေသစောင့်ကြည့်မှုကိုမြှင့်တင်ရန် စီစဉ်လျက်ရှိသည်။ အသစ်ဝယ်ယူထားသည့် ကင်မရာ ၄၇ လုံးကို ၆ ကီလိုမီတာနီးပါး ရှည်လျားသော အူဘလာနှင့် အူလစ်ကျေးရွာများကြား တပ်ဆင်သွားမည်ဖြစ်သည်။

ယူကရိန်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် မြောက်ပိုင်းဒေသမှာ တပ်ဆင်မည့် စနစ်က ထိုဒေသများရှိ ပြည်သူများ၏ လှုပ်ရှားမှုများကို ပိုမိုတိကျစွာစောင့်ကြည့်မှုကို လွယ်ကူချောမွေ့စေမည့် ပိုမိုကောင်းမွန်သော နည်းစနစ်ပိုင်းဆိုင်ရာ အခြေအနေများ ဖန်တီးမှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုကို ကြီးကြပ်ကွပ်ကဲရန် စွမ်းဆောင်ရည် မြင့်မားလာမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။ **ဆင်ဟွာ။**

# နီပေါမြေငလျင် ပြန်လည်ထူထောင်ရေး နိုင်ငံတကာအကူအညီရရေး မေတ္တာရပ်ခံ

**ခတ္တမန္ဒူ ဇွန် ၁၅**


နီပေါနိုင်ငံ၏ မြေငလျင်ပြန်လည်ထူထောင်ရေး အစီအစဉ်အရ လာမည့်ငါးနှစ်တာကာလအတွင်း ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံကျခံသုံးစွဲရမည်ဖြစ်ရာ နိုင်ငံတကာ အလှူရှင်နိုင်ငံများက ထောက်ပံ့ကူညီကြပါရန် အစိုးရက မေတ္တာရပ်ခံထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၌ ဧပြီ ၂၅ ရက်နှင့် မေ ၁၂ ရက်တို့က မြေငလျင်လှုပ်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၈၇၈၇ဦး သေဆုံးခဲ့ရသည်။ မြေငလျင်လှုပ်မှုများကြောင့် နေအိမ်အလုံးပေါင်း ၅၀၀၀၀၀ ကျော် ပျက်စီးခဲ့ရပြီး လူဦးရေ ၂၈သန်း အနက် ၂ဒသမ၈သန်း ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

နီပေါနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး မြေငလျင်ဖြစ်ပြီး စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၇ဘီလီယံရှိသည်။ အကျိုးရလဒ်တစ်ခုအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ထိခိုက်ခဲ့ရကြောင်း မြေငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးသုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

နီပေါမြေငလျင် ပြန်လည်ထူထောင်ရေး နိုင်ငံတကာ အလှူရှင်နိုင်ငံများ ညီလာခံကို ဇွန် ၂၅ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး ယင်းညီလာခံသို့ နိုင်ငံပေါင်း ၃၆ နိုင်ငံနှင့် အကူအညီပေးရေးအေဂျင်စီ ၂၄ ခုကို ဖိတ်ခေါ်ထားကြောင်း နီပေါဘဏ္ဍာရေးဝန်ကြီးဌာနမှ အထက်တန်းအရာရှိ ပရာဆပ်ရှာမားက ပြောကြားသည်။

နီပေါနိုင်ငံ၌ မြေငလျင်လှုပ်မှုများကြောင့် အစိုးရအဖွဲ့၏ ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းများမှာလည်း ထိခိုက်ခဲ့ရကြောင်း အမျိုးသားစီမံကိန်းကော်မရှင်က ပြောကြားသည်။ **ရိုက်တာ။**





# သင်္ဘောဖျက်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှု မြောက်ကိုရီးယားခေါင်းဆောင်ကြည့်ရှု

**ပြုံယမ်း ဇွန် ၁၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မကြာသေးမီက ပြုလုပ်သည့် သင်္ဘောဖျက်ဒုံးကျည်အမျိုးအစားသစ်များ စမ်းသပ်ပစ်ခတ်မှုကို ကြည့်ရှုခဲ့ကြောင်း မြောက်ကိုရီးယားဗဟိုသတင်းဌာန(ကေစီအမ်အေ)က သတင်းထုတ်ပြန်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းဒုံးကျည်များသည် အလွန်ခေတ်မီသော လက်နက်များဖြစ်ပြီး ကိုရီးယားပြည်သူ့တပ်မတော်၏ ရေတပ်ဖွဲ့တွင် ဖြန့်ကြက်တာဝန်ချထားကြောင်း၊ သို့ရာတွင် ယင်းဒုံးကျည်သစ်များကို မည်သည့်နေ့ရက်က မည်သည့်ဒေသတွင် ပစ်ခတ်စမ်းသပ်သည်ကိုမူ သတင်းတွင် ဖော်ပြခြင်း မရှိပေ။

စွမ်းရည်မြင့်မားသော အဆိုပါဒုံးကျည်များသည် သတ်မှတ်ထားသည့်အမြင့်သို့ အောင်မြင်စွာ ပျံသန်းတက်ရောက်သွားပြီး ရန်သူ့စစ်သင်္ဘောအား တိကျစွာတိုက်ရိုက်ထိမှန်အောင် ပစ်ခတ်နိုင်စွမ်းရှိသည်ဟု ကေစီအန်အေသတင်းတွင် ဖော်ပြသည်။မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ ကေအန်-၀၁ အမျိုးအစား တာတိုပစ်ဒုံးကျည်များဟု ဇွန် ၁၄ရက်က ၎င်းနိုင်ငံ၏အရှေ့ဘက်ကမ်းခြေရှိ အဓိကဆိပ်ကမ်းမြို့ဝန်ဆန်မှ ပင်လယ်အတွင်းသို့ ၂၆မိနစ်ကြာ ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားပြည်တွင်းမီဒီယာများက ဖော်ပြသည်။ **ဆင်ဟွာ။**

# ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံ ပေါက်ကွဲမှုကြောင့် ဒေသခံများ လျော်ကြေးငွေတောင်းခံ

**တိုကျို ဇွန် ၁၅**

ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဖြစ်ပွားခဲ့သည့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံပေါက်ကွဲမှုကြောင့် ဒေသခံ ခုနစ်ထောင်ခန့်က နျူကလီးယားပေါက်ကွဲမှုလျော်ကြေးငွေပေးရေးဆိုင်ရာဌာနတွင် တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီထံမှ ဒေါ်လာ ၁၅ သန်းကို လျော်ကြေးငွေအဖြစ်တောင်းခံနေကြောင်း ဒေသဆိုင်ရာသတင်းများ အရသိရသည်။

ယခုလျော်ကြေးငွေတောင်းခံမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီသည် နျူကလီးယားပေါက်ကွဲမှုကြောင့် ဒေသခံများအား မည်သည့်လျော်ကြေးငွေကိုမျှ ယခုအချိန်ထိပေးချေခြင်းမရှိသေးပေ။

တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီသည် ဖူကူရှီးမားဒိုင်အိချိစက်ရုံကို တာဝန်ခံပြီးစက်များကို ကိုင်တွယ်ပေးရသည်။ ဖူကူရှီးမား၏ တိုချီဂီစီရင်စုမြောက်ဘက်ပိုင်းရှိ ဒေသခံ ၇၁၂၈ ဦးက ၎င်းတို့သည် ဖူကူရှီးမားတွင် နေထိုင်ခြင်းမရှိသော်လည်း ယင်းတို့အနေဖြင့် လျော်ကြေးငွေရရှိသင့်ကြောင်း တောင်းခံထားသည်။

'ဖူကူရှီးမားမြို့မှာလိုပဲ တိုချီဂီမှာလည်း နျူကလီးယားဓာတ်ကြွမှုတွေရှိခဲ့တာပဲ။ ဖူကူရှီးမားဒေသခံတွေကိုတော့ လျော်ကြေးပေးပြီး တိုချီဂီရဲ့ဒေသခံတွေကိုတော့ လျော်ကြေးငွေမပေးသေးဘူး' ဟု လျော်ကြေးတောင်းခံသည့်ဒေသခံများဘက်မှ ရှေ့နေကဆိုသည်။ 'တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီအနေနဲ့ ဒေသခံတွေရဲ့ လျော်ကြေးငွေတောင်းခံမှုကို အလေးပေးလုပ်ဆောင်သင့်ပါတယ်' ဟု အဆိုပါရှေ့နေက တိုချီဂီစီရင်စုအစိုးရအဖွဲ့ရုံးတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

'နျူကလီးယားစက်ရုံပေါက်ကွဲမှုဖြစ်ပြီးမကြာမီမှာ ကျွန်တော်က ကျွန်တော့်ကလေးကို အိမ်ရှေ့ခြံထဲမှာ ကစားခိုင်းထားတယ်။ ရေဒီယိုသတ္တိကြွမှုတွေရှိနေမှန်းမသိခဲ့ဘူး'ဟု အသက်(၄၅)နှစ်အရွယ် ဒေသခံတစ်ဦးကဆိုသည်။ 'အခုလေးနှစ်ရှိပြီ။ သက်ဆိုင်ရာကုမ္ပဏီက ဘာရှင်းပြချက်မှလည်း မပေးဘူး။ တောင်းပန်စကားလည်းမပြောဘူး။ ကျွန်တော်ကတော့ ကလေးငယ်ရဲ့ကျန်းမာရေးကိုပဲစိုးရိမ်မိတယ်' ဟု ၎င်းကဆက်လက်ပြောသည်။

အိုတာဝါရာ၊ နာဆူရှိုရိုဘာရာ၊ နာဆူး စီရင်စုများတွင် နေထိုင်ကြသည့် ဒေသခံများက ရေဒီယိုသတ္တိကြွမှုအတွက် သက်ဆိုင်ရာကုမ္ပဏီ၏ တောင်းပန်ပြောကြားချက်ကို စောင့်မျှော်လျက်ရှိပြီး ရေဒီယိုသတ္တိကြွပစ္စည်းများကို ဖယ်ရှားမှုအတွက် ရန်ပုံငွေမတည်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးတို့အတွက် မျှော်လင့်စောင့်ဆိုင်းလျက်ရှိကြောင်း ၎င်းတို့၏ ရှေ့နေများက ဆိုသည်။ **ဆင်ဟွာ။**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်**
**မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

## ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပီ ပက်ထရစ် ရှက်ဖ်၏ ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာပြီး ထိုမှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ခရီးစဉ်အတွင်း ဒုတိယသမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆာဂေး ပရီခေါ့ဒ်ကို၏ ဖိတ်ကြားချက်အရ စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် စိန့်ပီတာစဘာဂ် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်သို့ တက်ရောက်မည်ဖြစ်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ်လေ့ဗ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒေါက်တာကိုကိုဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**



## ဒုတိယသမ္မတဦးညဏ်ထွန်း (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားမည့် မြန်မာအားကစားသမားများအား တွေ့ဆုံအားပေး

**စင်ကာပူ ဇွန် ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြမည့် မြန်မာဘောလုံးအသင်းအားဒေသစံတော်ချိန် ညနေ ၄ နာရီတွင် စင်ကာပူနိုင်ငံရှိ မြန်မာဘောလုံးအသင်းတည်းခိုနေထိုင်သည့် Day's Hotel ရှိ အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။**(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒေါက်တာကိုကိုဦး၊ ဦးတင့်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းက မြန်မာဘောလုံးအသင်းယှဉ်ပြိုင်ကစားနေမှုအား နိုင်ငံတော်အကြီးအကဲ အပါအဝင် တစ်နိုင်ငံလုံးမှ ပြည်သူများကလည်း LED Board ဖြင့် စောင့်မျှော်ကြည့်ရှုနေပါကြောင်း၊ မြန်မာဘောလုံးသမားများ၏ ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုကို တစ်နိုင်ငံလုံးမှ အသိအမှတ်ပြုပါကြောင်း၊ မြန်မာဘောလုံး သမိုင်းအသစ်ရေးထိုးလိုက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ယှဉ်ပြိုင်ကစားရာတွင်လည်း စိတ်ဓာတ်တည်ငြိမ်မှုအပြည့်၊ အပေးအယူကောင်းကောင်းဖြင့် အကောင်းဆုံးပြင်ဆင်ကစားရန် လိုအပ်ပါကြောင်းနှင့် မြန်မာအားကစားသမားများကြိုးစားကြမည်ကိုလည်း ယုံကြည်ပါကြောင်း၊ မြန်မာနည်းပြများဖြင့် အောင်မြင်မှုရရှိနေခြင်းသည်လည်း အလွန်ဂုဏ်ယူစရာ ကောင်းမွန်ပါကြောင်း၊ မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တမ်းရှိနေသော ရှုံးကြွေးများအား အကောင်းဆုံးပြန်လည်ပေးဆပ်ခွင့်ရသည့်ပွဲဖြစ်ပါကြောင်း၊ အကောင်းဆုံး စိတ်ဓာတ်နှင့် အကောင်းဆုံး စွမ်းဆောင်ရည်ကို ပေါင်းစပ်ကာ ယှဉ်ပြိုင်ကစားကြစေလိုကြောင်းနှင့် ယနေ့ညနေ ယှဉ်ပြိုင်မည့် ပွဲကို တစ်နိုင်ငံလုံးမှ ဝမ်းသာအားရ စောင့်မျှော်ကြည့်ရှုနေမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့ယှဉ်ပြိုင်သော ဗိုလ်လုပွဲကို အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်ရှင်းစင်ကြယ်စွာ အနစ်နာခံ၍ကစားကြရန် လိုအပ်ပါကြောင်း၊ တစ်ဖက်အသင်းမှ မည်သို့ပင် ဖိအားပေးကစားစေကာမူ မိမိတို့၏ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကစားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၊ (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးနှင့်ပတ်သက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်အား တွေ့ဆုံမေးမြန်းခြင်း

**ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့်(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့်ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်ပါသည်။**

အဆိုပါထိပ်သီးအစည်းအဝေးများအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ဗဟိုဦးစီးကော်မတီနှင့်ဆပ်ကော်မတီအသီးသီးတို့က ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ထိပ်သီးအစည်းအဝေးများ ကျင်းပမယ့် အခြေအနေနဲ့ ပြန်ကြားရေးနဲ့ သတင်းထုတ်ပြန်ရေးဆပ်ကော်မတီရဲ့ဆောင်ရွက်မှု အခြေအနေတွေသိရှိလိုပါတယ်။**

ဖြေ။ ။ လာမယ့် ဇွန် ၂၂ ရက်နဲ့ ၂၃ ရက်တို့မှာ နေပြည်တော်မှာ "ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်"တို့ လေးနိုင်ငံပါဝင်တဲ့ (၇)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးနဲ့ အဲဒီလေးနိုင်ငံရယ်၊ ထိုင်းနိုင်ငံရယ် ပေါင်း ငါးနိုင်ငံပါဝင်တဲ့ "ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု" မဟာဗျူဟာ(၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မှာဖြစ်ပါတယ်။

အဲဒီ ထိပ်သီးအစည်းအဝေးတွေကို အရင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေနည်းတူ အောင်မြင်စွာ လက်ခံကျင်းပနိုင်ဖို့ ဗဟိုဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီတွေ အသီးသီးဖွဲ့စည်းပြီး စီမံဆောင်ရွက်နေပါတယ်။

ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ "ပြန်ကြားရေးနဲ့ သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ" ကိုယ်စား ပြင်ဆင်ဆောင်ရွက်မှု အခြေအနေတွေကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဆပ်ကော်မတီကို လုပ်ငန်းတာဝန် (၆)ချက်သတ်မှတ်ထားရှိရာမှာ အဓိကကတော့ "သတင်းထုတ်ပြန်ရေး" တာဝန်ပဲဖြစ်ပါတယ်။

အဲဒီလို အချိန်မီသတင်းထုတ်ပြန်နိုင်ဖို့အတွက် အခြားဆက်စပ်လုပ်ငန်းတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်။

**မေး။ ။ Public Awareness Activity တွေ လုပ်တယ်လို့လည်းသိရပါတယ်။ အဲဒီဆောင်ရွက်မှုတွေကို သိလိုပါတယ်။**

ဖြေ။ ။ ဆောင်ရွက်မှုအနေနဲ့ ထိပ်သီးအစည်းအဝေးကြီးတွေရဲ့ Logo တံဆိပ်နဲ့ဒီဇိုင်းတွေကို ဇွန် ၁ ရက်မှစပြီး တစ်ရက်ကို (၇)ကြိမ်နှုန်းနဲ့ MRTV မှာ TV Spot စာတန်းထိုးထုတ်လွှင့်တာ၊ ရေဒီယိုကနေအသံလွှင့်တာ၊ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာသုံးစောင်မှာ ဖော်ပြတာတွေ ပြုလုပ်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက DG ဦးစံလွင်ရဲ့ အင်တာဗျူးကို MRTV နဲ့ သတင်းစာ သုံးစောင်မှာ ထုတ်လွှင့်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် သတင်းစာတွေမှာ ဒီအစည်းအဝေးကြီးတွေနဲ့ သက်ဆိုင်တဲ့ဆောင်းပါးဖော်ပြတာ၊ MRTV ကနေ လုံခြုံရေးဆပ်ကော်မတီရဲ့ လှုပ်ရှားမှုတွေ ထုတ်လွှင့်ဖော်ပြတာတွေ ပြုလုပ်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့လည်း အစည်းအဝေးများ မကျင်းပမီနဲ့ ကျင်းပနေဆဲ ကာလတွေမှာ ဆပ်ကော်မတီတွေရဲ့ ကြိုတင်ပြင်ဆင်မှုတွေအပြင် လုပ်ဆောင်မှုအားလုံးကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အစည်းအဝေးကြီးကို တက်ရောက်သတင်းယူကြမယ့် ပြည်တွင်း/ပြည်ပ သတင်းထောက်တွေအတွက် Media Registration နဲ့ Security Pass တွေပြုလုပ်နေတဲ့ အခြေအနေကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ Media Registration နဲ့ Security Pass တွေ ဆောင်ရွက်မှုအခြေအနေကတော့ ဒီထိပ်သီးအစည်းအဝေးတွေမှာ လာရောက်သတင်းယူကြမယ့် ပြည်တွင်းပြည်ပ သတင်းထောက်တွေကို Online Registration လုပ်နိုင်ဖို့ မေ ၁၅ ရက်ကနေ မေလကုန်အထိ တင်ပေးခဲ့ပါတယ်။ သတင်းစာတွေကနေလည်း ဖော်ပြနှိုးဆော်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်တွင်းသတင်းစာနဲ့ဂျာနယ် ၁၀ ခုက သတင်းထောက် ၄၀ ပြည်တွင်းအခြေစိုက် သတင်းဌာန ကိုးခုက သတင်းထောက် ၁၆ ဦးပေါင်း ပြည်တွင်းပြည်ပသတင်းဌာန ၁၉ ခုက သတင်းထောက် ၅၆ ဦး မှတ်ပုံတင်ထားရှိပါတယ်။

အဲဒီမှာ နိုင်ငံပိုင်မီဒီယာတွေဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ဝန်ထမ်း ၆၉ ဦးလည်း တာဝန်ထမ်းဆောင်ကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ထိပ်သီးအစည်းအဝေးတက်ရောက်ကြမယ့် ငါးနိုင်ငံက မီဒီယာတွေလည်း တက်ရောက်ကြမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံကို ၁၀ ဦးခန့်နဲ့ ပေါင်း ၅၀ ခန့် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် စုစုပေါင်း ပြည်တွင်းပြည်ပ သတင်းထောက် ၁၇၅ ဦးခန့် တက်ရောက်မယ်လို့ ခန့်မှန်းပြီး သူတို့အတွက် Security Pass နဲ့ Media Handbook တွေကို ဇွန် ၂၀ ရက်မှာ ကြိုတင်ထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် ထိပ်သီးအစည်းအဝေးတက်ရောက်ကြမယ့် ငါးနိုင်ငံက မီဒီယာတွေသတင်းရယူမှု လွယ်ကူချောမွေ့စေဖို့အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း Liaison Officer တွေ တစ်နိုင်ငံ တစ်ဦးနှုန်းနဲ့ ထမ်းဆောင်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။ Media Center ပြင်ဆင်ဆောင်ရွက်နေတဲ့ အနေအထားလည်း ရှင်းပြပါဦး။**

ဖြေ။ ။ Media Center ပြင်ဆင်မှုအနေနဲ့ MICC-1 မှာရှိတဲ့ Media Center မှာ ဇွန် ၁၀ ရက်မှစပြီး ပြင်ဆင်မှုတွေပြုလုပ်ခဲ့ရာမှာ ယနေ့အပြီးသတ်ဆောင်ရွက်မှာဖြစ်ပါတယ်။ သတင်းထောက်တွေ အသုံးပြုနိုင်ဖို့ ကွန်ပျူတာ အလုံး ၅၀ တပ်ဆင်ခြင်းကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်ပါတယ်။ အင်တာနက်နဲ့ Wifi ကိုလည်း အခမဲ့အသုံးပြုခွင့်ရဖို့ သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။



နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ Media Center ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်

MRTV အနေနဲ့လည်း သတင်းများရယူထုတ်လွှင့်နိုင်ဖို့ Network ချိတ်ဆက်တာတွေ၊ ကေဘယ်လိုင်းဆွဲတာတွေနဲ့ စက်ပစ္စည်းတပ်ဆင်မှုတွေကို တစ်ချိန်တည်း ပြုလုပ်နေပါတယ်။ MRTV အနေနဲ့ Media Center အပြင်ဖွင့်ပွဲအခမ်းအနားပြုလုပ်မယ့်ခန်းမကြီးမှာ LED ဘုတ်တပ်ဆင်တာတွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဖွင့်ပွဲအခမ်းအနားမှာ Video Clip ပြသနိုင်ဖို့တွေလည်း ပြုလုပ်နေပါတယ်။ ဒါ့အပြင် Command Center ကလည်း ရုပ်သံဖမ်းယူရရှိဖို့ လိုအပ်တာတွေပြုလုပ်နေပါတယ်။ ဒါ့အပြင် ဖွင့်ပွဲအခမ်းအနားတွေကို လိုအပ်က တိုက်ရိုက်ထုတ်လွှင့်နိုင်ဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် Media Center မှာ နံနက်ပိုင်းအစည်းအဝေးများ မကျင်းပမီနဲ့ နေ့လယ်ပိုင်းအစည်းအဝေးများ ခေတ္တရပ်နားချိန်၊ ညနေပိုင်းအစည်းအဝေးပြီးချိန်တွေမှာ အစည်းအဝေးနဲ့ပတ်သက်တဲ့ သတင်းတွေ ရှင်းလင်းဖြေကြားပေးနိုင်ဖို့ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထားရှိပါတယ်။

**မေး။ ။ တခြားဆောင်ရွက်နေတာတွေရှိရင်လည်း ပြောကြားပေးပါဦး။**

ဖြေ။ ။ သတင်းထောက်တွေ လေဆိပ်ရောက်ရှိ/ထွက်ခွာသတင်းများရယူနိုင်ဖို့လည်း လုံခြုံရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးဆပ်ကော်မတီတို့နဲ့လည်း ပေါင်းစပ်ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် သတင်းထောက်တွေ သွားလာရေးအဆင်ပြေစေဖို့ Shelter Bus ငါးစီး အသုံးပြုနိုင်ဖို့ကိုလည်း ပို့ဆောင်ရေးဆပ်ကော်မတီနဲ့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်။

စီအယ်လ်အမ်ဗွီကြီးနဲ့ အက်မက်စ်ထိပ်သီးအစည်းအဝေးကြီးနှစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာမှာ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ "ပြန်ကြားရေးနဲ့သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ"ရဲ့ လုပ်ငန်းတာဝန်တွေကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ အသေးစိတ်စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

သတင်းအဖွဲ့

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ရန်ဟိုလန်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရန်ဟိုလန်အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လူဝင်မှုကြီးကြပ်ရေးနှင့်သက်ဆိုင်သည့်မေးခွန်းများအပေါ် ပြန်လည်ရှင်းလင်းဖြေကြား

**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့်သက်ဆိုင်သည့်မေးခွန်းများအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ **မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများအတွက် နိုင်ငံသားသို့မဟုတ် နိုင်ငံခြားသားအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသား မိဘနှစ်ပါးတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများအတွက် နိုင်ငံသားအဖြစ် အသိအမှတ်ပြုရေး ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၄၃ (က)အရ နိုင်ငံသားပြုခွင့်သာ လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ နိုင်ငံတော်ပြင်ပ၌ မွေးဖွားလာသော သားသမီးများအတွက် (နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)အရ ကလေးမွေးဖွားကြောင်း မွေးစာရင်းနှင့်အတူ မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံးသို့ အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပြင်ပတွင် မွေးဖွားခဲ့သော ကလေးအား မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ နေထိုင်ပါက မိဘ/အုပ်ထိန်းသူ၏ အိမ်ထောင်စု လူဦးရေစာရင်းတွင် နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်း မှတ်တမ်းပုံစံ နိုင်-၈ တို့နှင့်အတူ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားများပြုခွင့်ရသူအဖြစ်သာ လျှောက်ထားနိုင်မည်ဖြစ်ပြီး နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ မွေးဖွားကြောင်း အထောက်အထားလက်မှတ်ပြုလုပ်ပြီး မိဘ၊အုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် သား၊ သမီးအမည်ထည့်သွင်းနိုင်ပါကြောင်းနှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဥပဒေပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးဝင်းမြင့်။



မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ရခိုင်ပြည်နယ်အတွင်းရှိ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ၎င်းတို့နေထိုင်လျက်ရှိသည့် နယ်မြေများမှ အခြားသောနေရာဒေသများသို့ သွားလာခွင့်မပြုရန် မည်သည့်ဥပဒေအရ ကန့်သတ်တားမြစ်ပါသနည်း၊ ထိုသို့ခွင့်မပြုခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဟုတ်၊ မဟုတ်သိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ ယာယီသက်သေခံကတ်မှာ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၁၃(၁)(ဂ) အရ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင် နေထိုင်ပြီး တစ်ဖက်နိုင်ငံရှိ လူမျိုးစုများနှင့် ရုပ်ရည်သွင်ပြင် ဘာသာစကား၊ ဓလေ့ထုံးစံ တူညီသည့် မျိုးနွယ်စုတူများအား မြန်မာနိုင်ငံသား ဥပဒေဖြင့် စိစစ်နိုင်ခဲ့ခြင်း မရှိသေးမီ ဥပဒေနှင့်အညီ တရားဝင်ကိုင်ဆောင်ခွင့်ပြုရန် ထုတ်ပေးခဲ့ပါကြောင်း။

နိုင်ငံသားဖြစ်သူများအား တိုင်းဒေသကြီး/ပြည်နယ်အတွင်း ခရီးသွားလာခြင်းကို ကန့်သတ်ထားခြင်း မရှိပါကြောင်း၊ ယာယီသက်သေခံကတ်ပြားကိုင်ဆောင်ထားသူများသည် နိုင်ငံသားဖြစ်ကြောင်း အခိုင်အမာပြောဆို၍ မရသေးသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထောက်ရှု၍ ၎င်းတို့အား မိမိမှတ်ပုံတင်ထားသည့် လိပ်စာမှ ထွက်ခွာမည်ဆိုပါက သက်ဆိုင်ရာသို့ တင်ပြသတင်းပို့သွားလာစေခြင်း ဖြစ်ပါကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် ၎င်းတို့၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တည်ဆဲဥပဒေများကို လိုက်နာနေထိုင်စေခြင်းသာဖြစ်ပြီး ၎င်းတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်နေခြင်း မဟုတ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၁၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်** (၁၁)မှ ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်လင်းအောင်က ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် မုံရွာတက္ကသိုလ်၌ ခန္တီးခရိုင်နှင့် မော်လိုက်ခရိုင်ရှိ မြို့နယ်အလိုက် နေ့သင်တန်း တက်ရောက်သင်ကြားနေသူများမှာ ခန္တီးမြို့နယ်မှ ၉၂ ဦး၊ ဟုမ္မလင်းမြို့နယ်မှ ၃၇၅ ဦး၊ လေရှီးမြို့နယ်မှ ၃ ဦး၊ လဟယ်မြို့နယ်မှ ၃ ဦး၊ မော်လိုက်မြို့နယ်မှ ၁၆၀ ဦးနှင့် ဖောင်းပြင်မြို့နယ်မှ ၂၂၀ ဦး စုစုပေါင်း ၈၅၃ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါကြောင်း။

ကောလိပ်တစ်ခုဖွင့်လှစ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအရ ခွင့်ပြုကျောင်းသား ကျောင်းသူ အနည်းဆုံးဝင်ဆံ့အင်အား ၂၀၀၀ ရှိရမည့်အပြင် အဆောက်အအုံ၊မြေနေရာ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမအင်အား၊ ဝန်ထမ်းအင်အား၊ သင်ထောက်ကူပစ္စည်းနှင့် ကျောင်းသုံး ပရိဘောဂပစ္စည်းများ ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူ ဝင်ဆံ့အင်အား ပြည့်မီသည့်အချိန်တွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက္ကသိုလ်များ စုစည်းမှု အစီအမံရေးဆွဲချိန်တွင်လည်းကောင်း ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချစ်လွင်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **မန္တလေးနန်းမြို့တော်အတွင်း မြန်မာမင်း လွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအတွက် ရည်ရွယ်ကာ မူလပုံစံအတိုင်း မြေနန်းပြာသာဒ်၊ ဇေတဝန်ဆောင်၊ ပြဲတိုက်၊ တောင်ထားဝယ်ဆောင်၊ မြောက်ထားဝယ်ဆောင်၊ မှန်နန်းဆောင် စသည့်အဆောင်များအား စနစ်တကျ ပြန်လည် တည်ဆောက်ထားသဖြင့် လေ့လာသူများအတွက် နန်းတွင်းအလေ့အထများကို လေ့လာမှတ်သားနိုင်ပါကြောင်း၊ ထို့ကြောင့် မန္တလေးနန်းမြို့တော်အတွင်း မြန်မာမင်းလွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။



ဒုတိယဝန်ကြီး ဒေါက်တာဇော်လင်းအောင်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၁၅**

မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီ အား ရန်ကုန်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်ပါသည်။

မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီကို ၁၉၆၅ ခုနှစ်တွင် အီတလီနိုင်ငံ ကူနီယိုမြို့တွင် မွေးဖွားခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် အီတလီနိုင်ငံ မီလန်မြို့ရှိ လူဂျီဘိုကိုနီတက္ကသိုလ်မှ နိုင်ငံရေးဆိုင်ရာ စီးပွားရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့နှင့် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တို့ရှိ အီတလီသံရုံးများနှင့် ဥရောပကောင်စီရှိ အတွင်းရေးမှူးချုပ်ရုံးတို့တွင် တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အမျိုးသားစီမံခန့်ခွဲရေးဆိုင်ရာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် ပထမသံမှူးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဥရောပပေါင်းစည်းရေးဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနရှိ ဥရောပအဖွဲ့အစည်းများဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ အီတလီသံရုံးတွင် ပထမသံမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**(သတင်းစဉ်)**

**ပြည်တွင်းရေးရာ**

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် - ၂၀၁၅) အဆိုပြုလွှာတင်သွင်းခွင့်ရှိသူများ အမည်စာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၁၅**

မြန်မာ-ဂျပန်အသင်း(MJA)၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅)အတွက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအနက်မှ "ဘက်စုံထူးချွန်သူ ၂၀"အား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ၈ ရက်ကြာ လေ့လာရေးခရီးစဉ်ကို လာမည့် စက်တင်ဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်သည်။

မြန်မာ-ဂျပန်အသင်းသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အမှတ်စာရင်းများ ညှိနှိုင်းရရှိပြီးဖြစ်၍ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာများတင်သွင်းခွင့်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းအလိုက်မှ အမှတ်အများဆုံးရရှိသူ ငါးဦးစီဖြင့် စုစုပေါင်း ၇၅ ဦး၊ တစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိဇ္ဇာဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦးနှင့် ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ငါးဦး စုစုပေါင်း ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀၀ ၏စာရင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပြုလွှာတင်သွင်းခွင့်ရရှိသူ အမည်စာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများတွင်ဖြစ်စေ၊ မြန်မာ-ဂျပန်အသင်းရုံးတွင်ဖြစ်စေ ဆက်သွယ်စုံစမ်းသိရှိနိုင်ပြီး အဆိုပြုလွှာပုံစံများကို အခမဲ့ရယူနိုင်သည်။ အဆိုပြုလွှာတင်သွင်းခွင့်ရှိသူများသည် မိမိတို့ဆန္ဒအရ အဆိုပြုလွှာပုံစံများကို မြန်မာ-ဂျပန်အသင်း (ရန်ကုန်)သို့ ဇူလိုင် ၁၀ ရက်မတိုင်မီ ပေးပို့လျှောက်ထားကြရမည်ဖြစ်သည်။

မြန်မာ-ဂျပန်အသင်းသည် အဆိုပြုလွှာများကို စိစစ်၍ လူတွေ့စစ်ဆေးခွင့်ရရှိသူများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် လူတွေ့ခေါ်ယူစစ်ဆေးပြီး ဘက်စုံထူးချွန်သူ ၂၀ ကို အတည်ပြုရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဘက်စုံထူးချွန်သူ ၂၀ အား တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းအလိုက် တစ်ဦးစီဖြင့် ၁၅ ဦး၊ တစ်နိုင်ငံလုံးသိပ္ပံဘာသာတွဲမှ နှစ်ဦး၊ ဝိဇ္ဇာဘာသာတွဲမှ နှစ်ဦး၊ ဝိပ္ပံဘာသာတွဲမှ တစ်ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန်အသင်းက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## အမျိုးသားလေကြောင်းလိုင်းမှ နောက်ဆုံးပေါ်လေယာဉ်သစ်များနှင့် ဝန်ဆောင်မှုပေးမည်

**ရန်ကုန် ဇွန် ၁၅**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ယနေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးတွင် ၎င်း၏ အဆင့်မြှင့်တင်ထားသည့် လုပ်ငန်းစဉ်များ၏ အထင်ကရမှတ်ကျောက်တင် အခမ်းအနားတွင် ထပ်မံပျံသန်းပြေးဆွဲသွားမည့် ဘိုးရင်း 737 မျိုးဆက်သစ်လေယာဉ်များထဲမှ တစ်စင်းကို ဖွင့်လှစ်ပေးသည်။ ယခုနှစ် ဩဂုတ်လတွင် စတင်ချဲ့ထွင် မိတ်ဆက်မည့် နိုင်ငံတကာလေကြောင်းကွန်ရက် ရန်ကုန်-စင်ကာပူခရီးစဉ်နှင့်အတူ MNA ၏ ပြည်တွင်းခရီးစဉ် ၂၆ နေရာနှင့် ၂၀၁၆ ခုနှစ်အစောပိုင်းတွင် ချိတ်ဆက်ပျံသန်းမည့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ မြို့လေးမြို့တို့သို့ လေယာဉ်သစ်နှင့် ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။




"ဒီနေ့အခမ်းအနားဟာ ကျွန်တော်တို့လေကြောင်းလိုင်းရဲ့ သမိုင်းဝင်အံ့မခန်းအောင်မြင်မှုနဲ့ ကျွန်တော်တို့ရဲ့ နောက်ဆုံးပေါ် လေယာဉ်သစ်တွေထဲက ပထမဆုံးအဖွဲ့ဝင်ကို ကြိုဆိုတဲ့အခမ်းအနားဖြစ်ပါတယ်။ ယခုလို စွဲမက်စရာကောင်းပြီး ခေတ်မီတဲ့လေယာဉ်တွေနဲ့ အဆင့်မြင့်လေကြောင်းလိုင်းကို အကောင်အထည်ဖော်ပြီး မြန်မာ့စိတ်ဓာတ်ကို ကမ္ဘာက သိအောင် ဝေမျှသွားမှာဖြစ်ပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက ပြောကြားသည်။

"အခု လေယာဉ်သစ်က နိုင်ငံတွင်းလေကြောင်းလိုင်းတွေအဖြစ် ပျံသန်းသွားမယ့် ပြည်တွင်းခရီးစဉ် ၂၆ ခုကို တစ်ဆက်တည်းပြေးဆွဲတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားဆန်းကြယ်မှုတွေကို လူအများပိုမိုသိရှိနိုင်မယ့် အခွင့်အရေးတွေ ပေးသွားမှာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံခရီးစဉ်ကို စတင်လိုက်ပြီး နိုင်ငံတကာခရီးစဉ်တွေကို တိုးချဲ့ခြင်းဖြင့် ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံကို လာရောက်သူတွေကို ကြိုဆိုလိုက်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပထမဆုံး ရောက်ရှိလာသော လေယာဉ်သည် ဘိုးရင်းမျိုးဆက်သစ် 737-800s အမျိုးအစား ခြောက်စင်းနှင့် 737-Max 8s အမျိုးအစား လေးစင်းထဲမှ တစ်စင်းဖြစ်ပြီး မြန်မာအမျိုးသား လေကြောင်းလိုင်း၏ အမှတ်တံဆိပ်ကို မြှင့်တင်ရန်နှင့် ကမ္ဘာ့လေကြောင်းဈေးကွက်တွင် ယှဉ်ပြိုင်ဘက် အဖွဲ့ဝင်အနေဖြင့် မြန်မာနိုင်ငံ၏ရပ်တည်နိုင်မှုကို သိရှိစေရန်အတွက် ဒေါ်လာမီလီယံသန်းပေါင်းများစွာ အကုန်အကျခံ၍ မှာယူခဲ့ခြင်းဖြစ်သည်။

"မြန်မာအမျိုးသားလေကြောင်းလိုင်းရဲ့ သမိုင်းဝင်မှတ်ကျောက်တင် အခါသမယမှာ Boeing ကုမ္ပဏီက ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"ဟု ဘိုးရင်းကုမ္ပဏီ အာရှ-ပစိဖိတ်နှင့် အိန္ဒိယအရောင်းဌာန၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ Dinesh Kesker က ပြောကြားသည်။ "ဆီစားနှုန်းသက်သာတဲ့ ဘိုးရင်း 737 နဲ့ 737 Max မျိုးဆက်သစ်လေယာဉ်တွေက Myanmar National Airlines ကို ယုံကြည်ကိုးစားမှု၊ ခရီးသည်တွေ သက်သောင့်သက်သာဖြစ်စေမှု၊ ဈေးကွက်ဦးဆောင်သူ လေကြောင်းလိုင်း ဖြစ်လာစေဖို့နဲ့ ဒေသတွင်းမှာ တိုးတက်ဖွံ့ဖြိုးအောင်မြင်လာစေဖို့အတွက် ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ လေယာဉ်သစ်နှင့် စပ်လျဉ်း၍ မြန်မာအမျိုးသားလေကြောင်းလိုင်းက ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများနှင့် ခရီးစဉ်သစ်များကို ၎င်းတို့၏ အမှတ်တံဆိပ်သစ်နှင့်အတူ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဌေးအောင်)**

### ❏ ကျောဖုံးမှ

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ကျင်းပရာ မြန်မာအသင်းမှာ ထိုင်းအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ပြီး ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာယူ-၂၃ အသင်းမှာ နှစ်(၄၀)ကျော်ကြာ ဝေးကွာနေသည့် ရွှေဆုကို ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၁၉၇၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုရယူပြီး နောက်ပိုင်း သုံးကြိမ်မြောက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် မြန်မာအသင်းမှာ ထိုင်းအသင်းကိုပင် ထပ်မံအရှုံးပေးခဲ့ရခြင်းဖြစ်သည်။

များပြားလှသော စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ ကြိုးစားကစားခဲ့သော်လည်း ဘောလုံးပညာ၊ အတွေ့အကြုံပိုင်းတွင် ကွာဟခဲ့သောကြောင့် ဒုတိယပိုင်းတွင် ဂိုးများပေးခဲ့ရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ထိုင်းအသင်းကို ကြိုးစားမှုစိတ်ဓာတ်တို့ဖြင့်သာ ယှဉ်ကစားနိုင်ခဲ့ပြီး ပွဲချိန်ကြာလာသည်နှင့်အမျှ ခြေစွမ်းပိုင်းကွာဟမှုများကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ငွေဆုသာရခဲ့သော်လည်း မြန်မာပရိသတ်များက တစ်ခဲနက်အားပေးခဲ့ပြီး ပွဲအပြီးတွင် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ထိုင်းအသင်းမှာ ဆီးဂိမ်းရွှေဆုကို (၁၅)ကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာအသင်းမှာ ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ ရဲဝင်းအောင်၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ စည်သူအောင်၊ နေလင်းထွန်း၊ ကောင်းဆက်နိုင်၊ ရှိုင်းသူရတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ထိုင်းအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသော်လည်း မြန်မာအသင်း ခံစစ်ပိုင်း၏ အမှားအယွင်းမရှိမှုကြောင့် ထိုင်းအသင်း ဂိုးမရခဲ့ပေ။ ဗီယက်နမ်နှင့် ဆီမီးပွဲတွင် လက်စွမ်းပြခဲ့သည့် ဂိုးသမား ကျော်ဇင်ဖြိုးမှာ ယခုပွဲတွင် အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ထိုင်းအသင်း၏ အပိုင်ဂိုးသွင်းမှုများကို ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းမှာ ဂိုးရရှိရေးအတွက် ကစားအားမြှင့်လာရာ မြန်မာနောက်တန်း တဖြည်းဖြည်းပြိုဆင်းလာပြီး ၅၇ မိနစ်တွင် ဂိုးစပေးခဲ့ရသည်။ ထိုင်းအသင်းအတွက် အဖွင့်ဂိုးကို ကီဆာရတ်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းကသာ ပွဲကိုစိုးမိုးသွားခဲ့ပြီး အနိုင်ဂိုးများကို ချာနာနန်နှင့် ပင်ယိုတို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ပြီး ဒုတိယ ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယခုကဲ့သို့ အရှုံးနှင့်ကြုံတွေ့ရသော်လည်း နောက်ဆုံးဗိုလ်လုပွဲသို့တက်ရောက်နိုင်ခြင်းသည် မြန်မာဘောလုံးအသင်းက အမြင့်ဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားခြင်းဖြစ်၍ အမြင့်ဆုံးပွဲသို့တက်နိုင်ခြင်းဖြစ်ရာ နိုင်ငံတော်သမ္မတကြီးနှင့်တကွ မြန်မာတစ်မျိုးသားလုံးက တစ်ခဲနက်အားပေးဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ **(ညီမြတ်သော်တာ)**

### ❋ မြန်မာယူ-၂၃မှ

အမြင့်ဆုံး သရေရလဒ်ကိုသာ ရရှိခဲ့ပါတယ်။

သို့သော်လည်း မြန်မာဘောလုံးအသင်း တိုးတက်မှုတွေရှိလာပြီး အတွေ့အကြုံကောင်းများစွာကိုတော့ ရရှိခဲ့ပါတယ်။ ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲမှာလည်း မြန်မာဘောလုံးအသင်းဟာ ထိုင်းအသင်းကိုသာ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ပြိုင်ဘက်အသင်းတွေကို အနိုင်ရယူနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာအသင်းဟာ ထိုင်းအသင်းကို ခြေစွမ်းကွာဟမှုနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် အတွေ့အကြုံကောင်းတွေ များစွာရယူပြီး ရှေ့လာမယ့် ပြိုင်ပွဲတွေအတွက် အကောင်းဆုံးပြင်ဆင်သွားရမှာပါ။ မျိုးဆက်သစ်မွေးထုတ်မှုမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့လိုပြီး ပါရမီရှင် ပင်ကိုအရည်အချင်းရှိ ကစားသမားများစွာ ပေါ်ပေါက်လာဖို့လိုပါတယ်။ သက်တမ်းအလိုက် ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် ပြိုင်ပွဲတွေ၊ ကျောင်းသားအားကစားပွဲ၊ အမျိုးသားအားကစားပွဲ စတဲ့ပြိုင်ပွဲတွေကျင်းပပြီး အနယ်နယ်အရပ်ရပ်က အရည်အချင်းရှိ ရွက်ပုန်းသီး အားကစားသမားတွေ ရှာဖွေဖော်ထုတ်ရမှာပါ။ ဒါမှသာ တစ်ချိန်က ရွှေရောင်လွှမ်းခဲ့တဲ့ နေ့ရက်တွေဆီ ပြန်လည်ရောက်ရှိလာမှာပါ။ ရွှေရောင်အနာဂတ်တွေဖြစ်ပေါ်ဖို့ မျှော်မှန်းချက်များ ပိုမိုခိုင်မာလာတာနဲ့အတူ ဘောလုံးအားကစားကိုသာမက အခြားအားကစားနည်းတွေကိုလည်း စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရင်း အားကစားအဆင့်အတန်းမြင့်မားခြင်းဟာ တိုင်းပြည်ဂုဏ်သိက္ခာအဆင့်အတန်း မြင့်မားခြင်းဖြစ်တာမို့ တစ်မျိုးသားလုံးကြိုးစားဖို့ အချိန်တန်နေပြီပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပညာ၊ အားကစား၊ အနုပညာ ဘက်စုံထူးချွန်လူငယ်များ မွေးထုတ်နိုင်ဖို့ရာ အနာဂတ်အရေးသာဖြစ်ပါတယ်။ ယခုလည်း အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြတဲ့ မြန်မာ ယူ-၂၃ ဘောလုံးအသင်းကို မြန်မာပြည်သူလူထုက သောင်းသောင်းဖြဖြကြိုဆိုရင်း အနာဂတ်ရွှေရောင်မျှော်လင့်ချက်တွေကို တမ်းတနေကြပြီဆိုတာပါပဲ။ **(ဆုနှင်းလဲ့)**



စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

# မြန်မာ – ထိုင်း ဘောလုံးပွဲကို မျိုးချစ်စိတ်အပြည့်ဖြင့် ပွဲပြီးသည်အထိ တစ်နိုင်ငံလုံး တစ်ခဲနက်အားပေး



ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် မြန်မာ-ထိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအား တစ်ခဲနက်အားပေးနေကြသည့် ပရိသတ်ကြီးကို တွေ့ရစဉ်။
ငွေအောင်(ကြေးမုံ)



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ကားကြီးကွင်းရှေ့ရှိ LED Board ရှေ့တွင် ဖျာပုံမြို့သူမြို့သားများ ယူ-၂၃ ဘောလုံး ဗိုလ်လုပွဲအား တစ်ခဲနက်အားပေးနေကြသည်ကိုတွေ့ရစဉ်။ (သပြေထွန်း)



မြန်မာ-ထိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို မန္တလေးမြို့တော် စည်ပင်ရုံးရှေ့ LED Board ရှေ့တွင် မျိုးချစ်စိတ်အပြည့်ဖြင့် ပွဲပြီးသည်ထိ အားပေးနေကြစဉ်။ သီဟကိုကို(မန္တလေး)



မြန်မာ - ထိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအား လားရှိုးမြို့ မြို့တော်ခန်းမရှေ့တွင် မြို့သူမြို့သားများ တစ်ခဲနက်အားပေးနေကြသည်ကို တွေ့ရစဉ်။
ဟန်ငွေး(လားရှိုး)

## ပြည့်စွက်ဖတ်ရှုပါရန်

ဇွန် ၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၃၂) တွင် ဖော်ပြခဲ့သည့် 'မိုလီနာအား အလဲထိုးအနိုင်ရရှိပြီး ဒဗလျူဘီစီ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆု ဝိုင်ဒါ ပြန်လည်ရယူ'သတင်းတွင် ဝိုင်ဒါအနေဖြင့် မိုလီနာအား အနိုင်ရရှိပြီး ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုကို ပြန်လည်ရယူခဲ့ကြောင်း ဖော်ပြခဲ့ရာတွင် ဝိုင်ဒါသည် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့သည်ဟု ရေးသားခဲ့သော်လည်း ချန်ပီယံဆုကို ပြန်လည်ရယူ ဆိုသည့် စာသားကြောင့် စာဖတ်သူများ ဝေခွဲမရဖြစ်နိုင်ပါသည်။ အမှန်တွင် ဝိုင်ဒါအနေဖြင့် ယခုနှစ် ဇန်နဝါရီလက ကနေဒါလက်ဝှေ့ကျော် စတီဗာနီကို အနိုင်ရရှိခဲ့ပြီးနောက် ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သောကြောင့် ယခုတစ်ကြိမ် ထပ်မံပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖြည့်စွက်ဖတ်ရှုနိုင်ပါရန်။
**(စာတည်း)**

# လိပ်ပါးနီ (သို့မဟုတ်) မမွေးသင့်သောအိမ်မွေးတိရစ္ဆာန်လိပ်မျိုးစိတ်

ဒေါက်တာမြင့်သိန်း( B . V . S )

မိတ်ဆွေတစ်ဦး၏အိမ်တွင် လိပ်ပါးနီမွေးမြူထားသည်ဆို၍ သွားရောက်ကြည့်ရှုရာ တွေ့ရှိခဲ့ရခြင်းမရှိတော့ပါ။ အကောင်ပေါက်ငယ်များဖြစ်သဖြင့် ကလေးငယ်များလိပ်ဖြင့် ဆော့ကစားရင်း ပါးစပ်ထဲမတော်တဆဝင်မည်စိုးသောကြောင့် ရန်ကုန်မြို့ရှိ လိပ်နှင့်ငါးများရှိရာ ကန်တစ်ခုအတွင်းသို့သွားရောက်လွှတ်ခဲ့ပြီးဖြစ်ကြောင်း ကြားသိလိုက်ရသည့်အခိုက်အတန့်တွင် ကျွန်တော်အတော်ပင် ခေါင်းနပန်းကြီးသွားခဲ့ရပါသည် ။ ဤသို့ထိတ်လန့်သွားခဲ့ရခြင်းမှာလည်း လိပ်ပါးနီကြောင့် ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီးမှ ဌာနေလိပ်မျိုးစိတ်များ မျိုးသုဉ်းခြင်း၊ ဂေဟစနစ်အမျိုးမျိုးတို့လည်း ဖရိုဖရဲဖြစ်စေခြင်းတို့အပြင် အရေးကြီးဆုံးဖြစ်သော လူတို့၏ကျန်းမာရေး အထူးသဖြင့် ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများ၏ကျန်းမာရေးကို ထိုလိပ်များက အန္တရာယ်ပေးနိုင်သော အခြေအနေရှိပါသဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။



ထိုလိပ်ပါးနီ (Red-Eared Slider Turtle, *Trachemys scripta elegans* )များကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ( IUCN ) မှ ကမ္ဘာပေါ်တွင်အဆိုးရွားဆုံးသော ကျူးကျော်ဝင်ရောက်နေထိုင်သူ မျိုးစိတ်စာရင်း ၁၀၀ တွင် ထည့်သွင်းသတ်မှတ် ဖော်ပြခြင်းခံရသည့် လိပ်သတ္တဝါဖြစ်ပါသည်။ လိပ်ပါးနီများသည် သူတစ်ပါး၏ပိုင်နက်နယ်မြေနှင့် အခွင့်အရေးများကို အတိုင်းထက်အလွန်အနိုင်ယူ ကျူးကျော်ခြင်းအကျင့်စရိုက်နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သိသာထင်ရှားသည့် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများရှိခြင်း အတွက် IUCN က ထိုသို့ သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

လိပ်ပါးနီတို့၏မူရင်းဒေသအမှန်မှာ အမေရိကန်နိုင်ငံ မစ္စစ္စပီတောင်ကြားနှင့်မက္ကဆီကိုပင်လယ်ကွေ့ဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်အဖြစ် ကောင်ရေများစွာကို သားဖောက်ရောင်းချခဲ့ပါသည် ။ ၁၉၈၀ ခုနှစ်ခန့်တွင်ထွက်ပေါ်ခဲ့သော လိပ်နင်ဂျာဇာတ်ကားသည် လိပ်ကိုအိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူရန် မီးထိုးပေးသကဲ့သို့ဖြစ်စေခဲ့ပြီး တွားသွားသတ္တဝါများကို အိမ်မွေးတိရစ္ဆာန်အဖြစ်ရောင်းချရမှုတွင် လိပ်ပါးနီမှာ ၈၈ ရာခိုင်နှုန်းအထိ စံချိန်တင်ပါဝင်ခဲ့သည်ကိုတွေ့ရသည်။ ပတ်ဝန်းကျင်အသစ်တွင် ၎င်းတို့၏လျင်မြန်စွာပြောင်းလဲနေထိုင်နိုင်သော စွမ်းအားများကြောင့် နိုင်ငံအနှံ့အပြားသို့ ရောက်ရှိရှင်သန်နိုင်ကြသည်။

လိပ်ပါးနီများရောက်ရှိရှင်သန်ရာနိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့နေရသောဘေးဒုက္ခများနှင့်ပတ်သက်၍ ကွင်းစလန်းပြည်နယ်၏ ဆောင်ရွက်နေမှုများကို မိတ်ဆက်တင်ပြလိုပါသည်။ လိပ်ပါးနီကို ထိုပြည်နယ်တွင် Pest Animal ( အလွန်ဖျက်ဆီးတတ်သော၊ ဒုက္ခပေးတတ်သော ပိုးမွှားသတ္တဝါ) စာရင်းတွင် ထည့်သွင်းထားရှိရသည်အထိ သတ်မှတ်ကြေညာထားခဲ့ပါသည်။ ထိုဒေသတွင် ပုံမှန်အားဖြင့် လိပ်ပါးနီကို တွေ့ရှိရခြင်းမရှိချေ။ အကယ်၍များ လိပ်ပါးနီများရောက်ရှိလာခဲ့ပါက လူမှုစီးပွားထိခိုက်မှုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို ဆိုးရွားစွာဖြစ်စေမည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ထိုဒေသရှိမြေယာပိုင်ဆိုင်သူတို့အနေဖြင့်လည်း မိမိတို့၏မြေယာများတွင် Class 1 အဆင့် Pest Animal အနေဖြင့်စာရင်းသွင်းခြင်းခံထားရသော လိပ်ပါးနီများ ကင်းဝေးရေးအတွက် လိုက်လျောညီထွေသောဆောင်ရွက်ချက်များကို လုပ်ဆောင်ကြရမည်ဟု အမိန့်ထုတ်ပြန်ထားသည်။ ထို့ပြင် လိပ်ပါးနီများကို ထိန်းသိမ်းမွေးမြူသားဖောက်ခြင်း၊ ရောင်းချခြင်း၊ သိလျက်နှင့်တမင်တကာထားရှိခြင်း၊ လုံခြုံမှုပေးခြင်း စသည်များကို ဥပဒေတစ်ရပ်အနေဖြင့် လုံးဝတားမြစ်ထားသည်။

လိပ်ပါးနီများသည် ဒေသတစ်ခု၏ဂေဟစနစ်ငြိမ်းချမ်းနေမှုကို ဖျက်လိုဖျက်ဆီးလုပ်နိုင်သည်။ ကျူးကျော်ဝင်ရောက်လာပြီးနောက် ဌာနေလိပ်များ၏ တည်ငြိမ်မှုကိုပျက်ပြားစေနိုင်သည်။ ဌာနေမျိုးစိတ်များနှင့်အစာအတွက်လည်းကောင်း၊ နေပူစာလှုံရာနေရာနှင့် ပတ်သက်၍လည်းကောင်း၊ အသိုက်နေရာရွေးချယ်ခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း ရေစီးကြောင်းများနှင့်စိုစွတ်သော ကုန်းမြေများပေါ်တွင် ပြိုင်ဆိုင်မှုများ ပြင်းထန်လာသည်။ ၎င်းတို့၏ထူးခြားသည့်အရည်အချင်းဖြစ်သော အခြားသောဌာနေလိပ်အမျိုးများထက် အရွယ်ရောက်စောခြင်း၊ အကောင်အရွယ်အစားကြီးမားခြင်း၊ ရှေ့လက်သည်းများသည် ဌာနေလိပ်များထက် ပိုမိုကြီးမားခြင်းတို့သည် ၎င်းတို့ကို အနိုင်ရမည့် အားသာချက်များ ဖြစ်စေခဲ့ပါသည်။ လိပ်ပါးနီများသည်အိမ်မွေးတိရစ္ဆာန်ဘဝများတွင် ငယ်ရွယ်စဉ်အခါက အသားကိုအခြေခံသည့်အစာများကိုစားသောက်ပြီး အရွယ်ရောက်လျှင် အသီးအရွက်ကို ပိုမိုနှစ်သက်စွာ စားသုံးသည်။ သို့ပါသော်လည်း အိမ်တွင်းမွေးမြူထားရာမှ ပြင်ပသို့စွန့်ပစ်လိုက်လျှင် ၎င်းတို့၏အလေ့အထများကို လျင်မြန်စွာ အပြောင်းအလဲပြုလုပ်ပြီး မည်သည့်အစားအသောက်ကိုမဆို စားသောက်တတ်ခြင်း ( Generalization ) ဖြစ်လာကြကာ ထိုသို့ဖြစ်လာသည့်အတွက် လိပ်ပါးနီများကို Generalist ဟုခေါ်ဝေါ်နိုင်သည်။ မည်သည့်နေရာဒေသ မဆိုနေနိုင် (အေးခဲဒေသများမှလွဲ၍)၊ မည်သည့်အစာကိုမဆို စားနိုင်စွမ်းရှိကြသည်။ ဤအချက်များကြောင့် လိပ်ပါးနီများသည် ပြိုင်ဘက်ဌာနေလိပ်များအပေါ် အပြတ်အသတ်အနိုင်ယူကြသည်။ Generalist များ တိုးတက်ကြီးပွားကောင်းစားလာသည်နှင့်အမျှ ဌာနေဒေသအစားအသောက်နှင့် နေထိုင်ရာဒေသတစ်မျိုးတည်းကိုသာ ဖောက်ချနေထိုင်တတ်သောလိပ် ( Specialist ) များသည် မျိုးသုဉ်းခြင်း ( Extinct ) ဖြစ်ရန် အခြေအနေများနီးစပ်လာသည် ။

တစ်ဖန် လိပ်ပါးနီတို့၏ ဆိုးကျိုးများနှင့်ပတ်သက်၍ ဌာနေလိပ်များအပေါ်သို့လည်းကောင်း၊ ရေနှင့်ဆက်နွှယ်သော ဂေဟစနစ်များအပေါ်သို့လည်းကောင်း ထိခိုက်ပုံများကို အထောက်အထားများဖြင့်တွေ့ရှိရသည်။ ဥပမာ စင်ကာပူနိုင်ငံရှိမျိုးသုဉ်းလုနီးပါး( CR ) အခြေအနေရှိသော ရေလိပ်တစ်မျိုး၏ မျိုးရိုးဗီဇသန့်ရှင်းခြင်းနှင့် အသက်ရှည်ရပ်တည်နိုင်မှုကို လိပ်ပါးနီကခြိမ်းခြောက်နေခြင်း၊ ရှားပါးသော မက်ဆီကန်လိပ်တစ်မျိုးကိုလည်း ဘေးအန္တရာယ်သင့်ရန်ခြိမ်းခြောက်နေခြင်း၊ လိပ်ပါးနီကဌာနေလိပ်မျိုးများနှင့် မိတ်လိုက်ခြင်းကြောင့် မလိုလားအပ်သော မျိုးကွဲများထွက်ပေါ်ခြင်း၊ အင်္ဂလန်နိုင်ငံတွင်ရေပျော်ငှက်များ၏ အသိုက်များကို ဒုက္ခပေးခြင်း၊ ဥများကိုဖျက်ဆီးခြင်း၊အကောင်ပေါက်များကိုစားပစ်ခြင်း၊ မျိုးသုဉ်းတော့မည့် ဥရောပကန်လိပ်တစ်မျိုးသည် ရန်လိုသောလိပ်ပါးနီများကို ပြန်လည်ခုခံစွမ်းအားမတတ်နိုင်သဖြင့် ပုံမှန်နေပူစာလှုံသောနေရာမှ အရည်အချင်းညံ့ဖျင်းသောနေရာသို့ ပြောင်းရွှေ့ထွက်ခွာသွားခြင်း စသည်တို့ကိုတွေ့မြင်ရသည်။

ထို့အတွက်ကြောင့် လိပ်ပါးနီရန်ကင်းဝေးစေရေးအတွက် နိုင်ငံများစွာတို့သည် ကာကွယ်မှုများလုပ်ဆောင်လာခဲ့ကြသည်။ ဥပမာအားဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံသည်ပင်လျှင် လိပ်ပါးနီကို Pest အဖြစ်သတ်မှတ်ထားပြီးဖြစ်သည်ကို မျက်ခြည်မပြတ်သင့်ပါဟု ရိုသားစွာဆိုချင်ပါသည်။ စပိန်နိုင်ငံသည်လိပ်ပါးနီကိုအလွန့်အလွန်ဒုက္ခပေးသော ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်တစ်ခုအနေဖြင့် ရှုမြင် သုံးသပ်ထားပါသည် ။ ၁၉၉၇ ခုနှစ်တွင်ဥရောပတစ်လွှားသို့ ထိုလိပ်ပါးနီကိုတင်သွင်းခွင့်လုံးဝပိတ်ပင်ထားခဲ့ပါသည်။ ကယ်လီဖိုးနီးယားတွင် အသားအတွက် တင်သွင်းခွင့်ပြုခဲ့ခြင်းကိုလည်း ၂၀၁၀ ခုနှစ်တွင် တားဆီးခဲ့သည်။

ဤနေရာတွင်အရေးကြီးဆုံးအချက်အနေဖြင့် လူတို့၏ကျန်းမာရေးနှင့်ပတ်သက်ပြီးလိပ်ပါးနီများသည် ဆိုးကျိုးပေးရန် တာဆူနေကြသည် ။ လူများတွင်ဖြစ်ပွားသော ဆဲမိုနဲလားရောဂါ ( Salmonella Disease ) ၂၅ ရာခိုင်နှုန်းသည် ထိုလိပ်ပါးနီများမှ ကူးစက်ရရှိခဲ့ခြင်းဖြစ်ပြီး ထိုလိပ်များကိုတင်သွင်းခြင်း၊ မွေးမြူခြင်းများကို တားမြစ်ပြီးနောက်ပိုင်း ထိုရောဂါကူးစက်ရရှိမှုနှုန်း ကျဆင်းသွားသည်။ အထူးသဖြင့်အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များတွင် လိပ်ပါးနီမှကူးစက်သော ဆဲမိုနဲလားပိုးကြောင့် ပြင်းထန်စွာဖျားနာစေနိုင်သည်။ သို့အတွက်ကလေးအထူးကုဆရာဝန်များသည်လည်း ကျန်းမာရေးရှုထောင့်အရ လိပ်ပါးနီများကို အိမ်မွေးတိရစ္ဆာန်အဖြစ်မမွေးရန် မှတ်ချက်ပြုဖော်ပြကြသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ကမ္ဘာတစ်ဝန်းလက်မခံတော့သော လိပ်ပါးနီတင်သွင်းခြင်း၊ မွေးမြူခြင်း၊ စည်းမဲ့ကမ်းမဲ့လွှတ်ခြင်းတို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ဌာနေလိပ်များမျိုးသုဉ်းပျောက်ကွယ်လာခြင်းများနှင့်အတူ ဂေဟစနစ်များပါ တစ်စထက်တစ်စဆုံးရှုံးနစ်နာလျက်ရှိပါသည်။

သို့ပါသောကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့်ဂေဟစနစ်များကောင်းစွာဖြစ်ထွန်းပေါကြွယ်လှသော ကျွန်တော်တို့မြန်မာနိုင်ငံတော်၏ ရေမြေတောတောင်သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် တရားမဝင်ဝင်ရောက်လာသော လိပ်ပါးနီများအား အထူးဂရုစိုက်စောင့်ကြည့်ထိန်းချုပ်သွားရန်လိုအပ်ပါကြောင်းကို တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ကော့သောင်းမြို့တွင် မိုးသည်းထန်၍ မြေပြိုမှုဖြစ်ပွား



**ကော့သောင်း ဇွန် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဇွန် ၁၅ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ရာ ပိတောက်ရွှေဝါရပ်ကွက် မြရည်ပုလဲလမ်းဘေးတောင်စောင်း မြေပြိုကျမှုဖြစ်ပွားရာ လူနေအိမ်တစ်လုံး မြေပြိုပိကျပျက်စီးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အခင်းဖြစ်ပွားသည့် မြေအနေအထားအရ တောင်စောင်းတွင် လူနေအိမ်များ အနိမ့်အမြင့်အသီးသီးဆောက်လုပ်နေထိုင်ရာ အမြင့်ပိုင်းရှိ ဦးထွန်းဦး၏ အိမ်ဆောက်လုပ်ရန် မြေထိန်းနံရံကျောက်တန်းစီထားပြီး ကွန်ကရစ်တိုင်များ ထူလက်စအနေအထားမှ ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် စိုက်ထူထားသည့် ကွန်ကရစ်တိုင်များအပါအဝင် မြေထိန်းနံရံနှင့်အတူ အနိမ့်ပိုင်းရှိ ဦးစီပေါ်အိမ်ပေါ်သို့ ပိကျခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြေပြိုပိကျခံရသည့်အိမ်ပိုင်ရှင် ဦးစီပေါ် ပြင်းထန်စွာဒဏ်ရာရရှိသည်မှလွဲ၍ လူသေဆုံးခြင်းမရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားရာသို့ မြို့နယ်နှင့်ရပ်ကွက် တာဝန်ရှိသူများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များရောက်ရှိပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်စိုး(ကော့သောင်း)**

# မြန်အောင်တွင် ရေဘေးကာကွယ်ရေးပညာပေးသရုပ်ပြ

**မြန်အောင် ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်အောင်တာမိုင် (၃၁/၀) ကွဲခေါင်းကြီးတာတွင် ဇွန် ၁၄ ရက်က မိုးရာသီရေဘေးကာကွယ်ရေး ပညာပေးသရုပ်ပြပွဲကို မြို့နယ် ဆည်မြောင်းဦးစီးဌာနက ဦးဆောင်ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေက မိုးရာသီကာလ ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိသော ကျေးရွာများရှိကျေးလက်ပြည်သူများ ရေဘေးအန္တရာယ်ကာကွယ်ရေးနည်းလမ်းများနှင့် သတိပြုရမည့်အချက်များကို သိရှိနားလည်ရန် လိုအပ်ကြောင်းနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ AE ဦးမျိုးဇော်ဇော်က ရေဘေး ကြုံတင်ကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)ပေါက်ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်း၊ လှိုင်းပုတ်ခြင်း၊ ကမ်းပြိုခြင်း၊ ရေစိမ့်ခြင်းစသည်တို့ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် သတိပြုရမည့်အချက်များကို သရုပ်ပြရှင်းလင်းခဲ့ပြီး မြစ်ရေကြီးစဉ်အချိန် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွှေကျင်တိုက်နယ်နှင့် သပြေကုန်းတိုက်နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းနံဘေးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဝင်းဗိုလ်(IPRD)**

# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်း အထူးစီမံချက်(ယင်းမာ)၏ ဒုတိယရက်သတ္တပတ် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက်(ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၅)တွင်အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါ ယင်းမာစီမံချက်ကို ၂၆-၅-၂၀၁၅ ရက်နေ့မှ ၂၆-၆-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိခဲ့ရာ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် ဒုတိယရက်သတ္တပတ်အတွင်း အောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်-

## တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

(၁) ဆိုင်းဘုတ်ချိတ်ဆွဲခြင်းနှင့် စတစ်ကာပိုစတာကပ်ခြင်း (၄၁) မြို့နယ်
(၂) အသိပညာပေးဟောပြောပွဲ (၆၅) ကြိမ်
(၃) စီမံချက်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး (၁၈) ကြိမ်
(၄) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း (၁၁)မြို့နယ်

## သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့

(၁) နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း (၈)မြို့နယ်
(၂) နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း (၅)ကြိမ်
(၃) စိုက်ပျိုးရေးနည်းစနစ် သင်တန်းပို့ချခြင်း (၆)မြို့နယ်

## မွေးမြူရေးအဖွဲ့

(၁) အခြေခံမွေးမြူရေးနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးသင်တန်းဖွင့်လှစ်ခြင်း (၇)မြို့နယ်
(၂) မွေးမြူရေးသင်တန်းပို့ချခြင်းနှင့် ပညာပေးဟောပြောခြင်း (၄)ကြိမ်
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း (၄)မြို့နယ်
(၄) တိရစ္ဆာန်ဆေးကုသပေးခြင်း (၄)မြို့နယ်

## ဆေးကုသရေးအဖွဲ့

(၁) One Stop Service ဖွင့်လှစ်ထားသောနေရာများတွင် လူနာသစ် ၄၃ ဦး တက်ရောက်ကုသခဲ့ပြီး မက်သာဒုန်းဆေးရည်သောက်သုံးသူ ၈၄၀၀ ဦး
(၂) မူးယစ်ဆေးစွဲလူနာများ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသဲရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ၂၅၈ ဦး
(၃) HIV ပိုး ရှိ/မရှိ စစ်ဆေးခြင်းနှင့် ART ဆေးသောက်သုံးနိုင်ရန် ညွှန်းပို့ပေးခြင်း ၁၀ ဦး
(၄) မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် မက်သာဒုန်းဆေး သောက်သုံးမှု အသိပညာပေးဟောပြောခြင်း နှစ်မြို့နယ်

## ပြန်လည်ထူထောင်ရေးအဖွဲ့

(၁) မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲ ပြုလုပ်ခြင်း (၇)ကြိမ်

## ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့

(၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ၊ ပန်းချီ၊ ဆောင်းပါး၊စာစီစာကုံးပြိုင်ပွဲ (၁၃) မြို့နယ်
(၂) မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း အကြိမ် (၆၀)
(၃) မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပခြင်း (၃)မြို့နယ်

## ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့

(၁) နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုပြုလုပ်ခြင်း မြို့နယ် (၁၂၀)
(၂) လက်ကမ်းစာစောင်ထုတ်ဝေမှု ပြုလုပ်ခြင်း မြို့နယ် (၁၂၀)
(၃) လက်ကမ်းစာစောင်ပြသမှုကျင်းပခြင်း မြို့နယ် (၁၂၀)
(၄) ဓာတ်ပုံပြပွဲ ကျင်းပမှုပြုလုပ်ခြင်း မြို့နယ် (၁၂၀)
(၅) ဟောပြောပွဲကျင်းပမှုပြုလုပ်ခြင်း မြို့နယ် (၁၂၀)

## ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့


(၁) ထိန်းချုပ်ဓာတုပစ္စည်းများကွင်းဆင်းစစ်ဆေးခြင်း (၆)မြို့နယ်
(၂) အသိပညာပေးဆွေးနွေးခြင်း (၈)မြို့နယ်
(၃) ထိန်းချုပ်ဓာတုပစ္စည်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း (၁)ကြိမ်

## တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့

(၁) ဘိန်း ၂ ဒသမ ၀၀၅၃ ကီလို
(၂) ဘိန်းဖြူ ၂ ဒသမ ၈၈၂၁ ကီလို
(၃) စိတ်ကြွရူးသွပ်ဆေးပြား ၅၀၆၈၀၃ ပြား
(၄) ဆေးခြောက် ၂ ဒသမ ၉၃၂၂ ကီလို
(၅) အိုက်စ် သုည ဒသမ ၃၀၀၅ ကီလို
(၆) ဘိန်းဆီခဲ ၁ ဒသမ ၂၁၂၃ ကီလို
(၇) အမှုပေါင်း ၁၃၅ မှု
(၈) တရားခံ ၁၉၇ ဦး

## အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့

(၁) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းခြင်း (၁)ကြိမ်





တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့



သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့



မွေးမြူရေးအဖွဲ့



တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့



ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့



အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့



ပြန်လည်ထူထောင်ရေးအဖွဲ့



ဆေးကုသရေးအဖွဲ့



ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့



ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့



# ရောဘတ်ပက်တီဆန်ရိုက်ကူးနေတဲ့ ကန္တာရရဲ့ဘုရင်မ



Twilight ဇာတ်လမ်းတွဲများဖြင့် နာမည်ကြီးလာခဲ့သော ဟောလိဝုဒ် ကြယ်ပွင့် ရောဘတ်ပက်တီဆန်သည် အမြဲအေးစက်နေခဲ့သော သွေးစုပ်ဖုတ်ကောင်အဖြစ် သရုပ်ဆောင်ခဲ့ရာမှ ယခုအခါ ပူပြင်းလှသော ကန္တာရတွင် လှုပ်ရှားသွားလာနေထိုင်ရသူတစ်ဦးအဖြစ် ကန္တာရရဲ့ဘုရင်မ (Queen of the Desert)တွင် မင်းသားဂျိမ်းစ်ဖရန်ကို၊ မင်းသမီး နီကိုးကစ်ထ်မန်းတို့နှင့်အတူ တွဲဖက်ရိုက်ကူးလျက်ရှိသည်။

အဆိုပါရုပ်ရှင်သည် ၁၉၂၀ ဝန်းကျင်ခန့်က အရှေ့အလယ်ပိုင်းဒေသ၏ နိုင်ငံရေးအခြေအနေများကို ဇာတ်အိမ် တည်ထားခြင်းဖြစ်ကာ အချစ်၊ ရသနှင့် စွန့်စားခန်းများ ပါဝင်သော ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

ထို့ပြင် ယင်းရုပ်ရှင်သည် သမိုင်းပညာရှင်၊ စာရေးဆရာနှင့် ဗြိတိသျှ လျှို့ဝှက်အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဂါထရူဒီဘဲလ်အကြောင်းရိုက်ကူးထားသည့် ရုပ်ရှင်လည်းဖြစ်ကာ မင်းသမီးနီကိုးကစ်ထ်မန်းက ဘဲလ်နေရာတွင်ပါဝင်သရုပ်ဆောင်ထားသည်။ ဘဲလ်သည် ခေတ်ပညာတတ်အမျိုးသမီး တစ်ယောက်ဖြစ်သော်လည်း သူနှင့်သင့်တော်သည့် အိမ်ထောင်ဘက်ကို အင်္ဂလန်၌မတွေ့ရှိသည့်အတွက် သူ၏ချစ်သူဟောင်း လောင်းကစားသမားနှင့် လမ်းခွဲပြီးနောက် လက်ရှိဘဝကိုစွန့်လွှတ်ကာ အီရန်၏မြို့တော် တီဟီရန်သို့ ခရီးထွက်လာခဲ့သည်။

ဂျိမ်းစ်ဖရန်ကိုသည် နီကိုး၏ ချစ်သူဟောင်း လောင်းကစားသမား ဟင်နရီကာဒိုဂန်အဖြစ် သရုပ်ဆောင်ထားပြီး ရောဘတ်ပက်တီဆန်သည် အရှေ့အလယ်ပိုင်းဒေသ၏ ရှေးရာအဝတ်အထည်များပြုလုပ်သူ တီအီးလောရန့်စ်အဖြစ် ပါဝင်ထားကာ ဒါရိုက်တာ ဝါနာဟာဇော့ဂ်က တာဝန်ယူရိုက်ကူးပေးထားသည်။ **အေးပြည့်**

## 2NE1 အဖွဲ့ခေါင်းဆောင် CL Ultra Music Festival တွင် ဖျော်ဖြေတင်ဆက်

2NE1 အဖွဲ့ခေါင်းဆောင် CLသည် ဇွန် ၁၃ ရက်(တနင်္ဂနွေနေ့) က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂျန်ဆီအားကစားရုံ၌ ကျင်းပခဲ့သည့် Ultra Music Festival တွင် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်းသိရသည်။

ပွဲတော်ဒုတိယမြောက်ရက်တွင် ဖျော်ဖြေတင်ဆက်ခဲ့သော CL သည် ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကိုရရှိခဲ့ပြီး ဖက်ရှင်ကျကျဝတ်စားဆင်ယင်မှုကြောင့်လည်း သဘောကျနှစ်ခြိုက်သူများပြားခဲ့သည်။

အဆိုပါ UMF ပွဲသည် အီလက်ထရွန်နစ်တေးဂီတပွဲတော်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများတွင် ကျင်းပလေ့ရှိသော ပွဲတော်တစ်ခုဖြစ်သည်။ **ပန်းသော်တာ**



## ခေတ်သစ်လီဟိုရီ ဘယ်သူဖြစ်မလဲ













ပေါ့ပ်တေးဂီတကို ကမ္ဘာကစတင်သိစေခဲ့သူဟုဆိုလောက်သော တောင်ကိုရီးယားပေါ့ပ်ဂီတ ကြယ်ပွင့် လီဟိုရီသည် တောင်ကိုရီးယားတွင် ဖျော်ဖြေမှုအကောင်းဆုံးသော အမျိုးသမီးပေါ့ပ်အဆိုတော်တစ်ဦးလည်း ဖြစ်သည်။ သူမတွင် ဆွဲဆောင်မှုရှိပြီး အမြဲပြုံးယောင်သမ်းနေသော မျက်လုံးများလည်းရှိကာ ထူးချွန်ပြောင်မြောက်သည့် ဖျော်ဖြေတင်ဆက်မှုများနှင့် ရိုးရှင်းပွင့်လင်းသည့်စရိုက်တို့ကြောင့် ကိုရီးယားပရိသတ်များသာမက အာရှတစ်ခွင်၌ပါ ကျော်ကြားခဲ့သည်။



လီဟိုရီ၏ကျော်ကြားမှုကိုလိုက်မီသော မျိုးဆက်သစ်အမျိုးသမီးဂီတ ကြယ်ပွင့်ဖြစ်လာရန် အခြားသော ပေါ့ပ်ဂီတအဆိုရှင်များက ကြိုးစားလျက်ရှိကြပြီး မည်သူမည်ဝါကတော့ဖြင့် ခေတ်သစ်လီဟိုရီဟု ခေါင်းစဉ်တပ်ရန် ထိုက်တန်ကြောင်း မီဒီယာများက ထင်ကြေးအမျိုးမျိုးပေးကြသော်လည်း ၎င်းတို့အနေဖြင့် ထပ်တူကျနိုင်သူ မတွေ့ရှိသေးဘဲ အလားအလာရှိသူများကိုသာ တွေ့ရှိရသည်။

ထင်ကြေးပေးခံရသူများအနက် ၂၀၀၀ ပြည့်နှစ်ကာလများတွင် ကျော်ကြားခဲ့သော အမျိုးသမီးအဆိုရှင်များဖြစ်သည့် အိုင်ဗီနှင့် ဆန်ဒမ်ဘီတို့နှစ်ဦးသည် အထူးကျော်ကြားခဲ့သူများဖြစ်သော်လည်း လတ်တလောတွင် ၎င်းတို့၏ အနုပညာလှုပ်ရှားမှုများ လုံးဝပြတ်တောက်သွားခဲ့သည်။

ယခုနှစ်ပိုင်းတွင် ကျော်ကြားလာခဲ့သော တေးသံရှင်များထဲမှ ထင်ကြေးပေးခံနေရသူများမှာ SECRET အဖွဲ့မှ ဟိုဆန်းနှင့် ဆိုးအင်ယန်း၊ KARA မှ ဟာရာနှင့် 4minutes မှ ဟွန်အတို့ဖြစ်ကြသည်။

**အေးပြည့်**







## ရုပ်မြင်သံကြားအစီအစဉ်များ

16 - 6 -2015 ( t *;ae)

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၁၅ | သူတို့အကြောင်း |
| ၆း၁၅ | မေတ္တာပို့ | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၂၉) |
| ၆း၂၀ | ဓမ္မပူဇာတေး | ၆း၃၅ | Dream Team |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆူးခင်းလမ်းရဲ့ ချစ်ပန်းနှင်းဆီ အပိုင်း(၄၇) |
| ၈း၁၀ | စိုက်ပျိုးသုတ | | - VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၂၅ | မြတ်နိုးစရာ ရိုးရာလက်မှုပညာ | | - ဟာသရုပ်စုံ |
| ၈း၃၅ | ခရီးလည်းသွား စကားလည်းဆို | | - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| ၉း၂၅ | အလွမ်းတေးပန်းချီ ချစ်သူဆီ | | - Miss Universe |
| ၉း၃၅ | အင်္ဂလိပ်စာသုတ | | |
| ၉း၄၅ | မြန်မာ့သံစဉ်ချိုနားဝင် | | |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | | |

### MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ မေတ္တာသုတ် | | (အပိုင်း-၄၂) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀၀) | ၆း၁၀ | Health Fix |
| ၉း၄၀ | အနုပညာမိုးကောင်းကင် | ၆း၁၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၄၃) |
| ၁၁း၀၀ | သွားမယ်စားမယ် (ရွှေမင်္ဂလာစားသောက်ဆိုင်) | ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (အရှုံးစကား) |
| ၁၁း၅၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၂၉) | ၈း၂၀ | ရသ စုံညွှန်းတမ်းများ |
| ၁း၀၀ | "အမှားပယ်ဖျောက် နိဗ္ဗာန်ရောက်" တရားတော် [အောင်စကြာဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယ )] | ၈း၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ် ကမ္ဘာလေး" (အပိုင်း-၁၀၁) |
| | | ၉း၂၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ " (အပိုင်း-၃၀) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ပီယဆေး) | ၁၀း၀၅ | K-POP CONCERT IN MYANMAR (Part-1) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" | ၁၁း၀၅ | Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| | | ၁၁း၄၅ | MRTV-4 Stage |

### mitv

- Insight Myanmar "Migrant Resource Centres"
- Great Minds of Myanmar (Anthropologist U Kyaw Win)
- Markets...Wet Markets in Yangon: Thirimingalar Market
- Shwe Maw Daw: The Glory Of Bago City
- Life In Night ……..Art In Life (Ep-1)
- In Pursuit of a dream
- A Day Out With Sarah (EP-2)
- Today Myanmar "The Lake, Inle"
- Taste Of Myanmar (Mandalay Noodle Salad)
- Aye Aye Soe: Myanma Pioneer Female Bodybuilder
- Sagaing: Gold Leaf
- School For the Blind (Kyee Myin Dine)
- Wet Markets in Yangon: Shwe Pa Dauk Fish Market
- Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
- "Myanmar's Traditions and Culture" Novicehood in Myanmar
- Products Of Myanmar - Bomboo Hat
- Youth Of The Future (EP-2) (Harryko)
- Sightseeing in Yangon: Inya Lake
- Entrepreneur: Dr Thin Nwe Win

# (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

## မြန်မာအသင်းမှာ ၁၉၆၀ပြည့်လွန်နှစ်များကဲ့သို့ နိုးထလာခဲ့ပြီဟု ထိုင်းမီဒီယာများဖော်ပြ

ထိုင်းအသင်းနှင့် ဆီးဂိမ်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တွေ့ဆုံရခဲ့သည့် မြန်မာအသင်းမှာ ဗီယက်နမ်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ခက်ခက်ခဲခဲအနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက် လာသော်လည်း မြန်မာအသင်း၏ လက်ရှိခြေစွမ်းနှင့် မျိုးဆက်သစ်ကစားသမားများ စဉ်ဆက်မပြတ်မွေးထုတ်လာမှု မူဝါဒကြောင့် ၁၉၆၀နှင့် ၁၉၇၀ကျော် ကာလများကကဲ့သို့ ထိုင်းအသင်း၏ ပြိုင်ဘက်ကောင်းဖြစ်လာမည့် အနေအထားမျိုး မြင်တွေ့နေရသည်ဟု ထိုင်းမီဒီယာများက ရေးသားကြသည်။



မြန်မာဘောလုံးလောကသည် ယခင်က အပျော်တမ်းအဆင့်သာရှိခဲ့သောကြောင့် ဘောလုံးမျိုးဆက်ရှားပါးမှုပြဿနာကို ကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး ၂၀၀၉ခုနှစ်မှ စတင်ကာ ပရော်ဖက်ရှင်နယ်အဆင့်သို့ ပြောင်းလဲခဲ့ရာ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ကမ္ဘာ့ဖလားလူငယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ တိုးတက်လာခဲ့ကြောင်း ဘန်ကောက်ပို့စ်က ဖော်ပြသည်။

မြန်မာဘောလုံးအသင်း၏ တိုးတက်လာမှုကို ကြိုဆိုကြောင်း၊ သို့သော် မြန်မာနိုင်ငံအနေဖြင့် အခြားအားကစားနည်းများကိုလည်း ဟန်ချက်ညီအောင်ကြိုးပမ်းရန်လိုအပ်နေသေးကြောင်း ရေးသားထားသည်။

## မီဒီယာများအကြားရေပန်းစားနေသည့် No Stars, No Problems

ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်း၏ "No Stars, No Problems" ဆောင်ပုဒ်မှာ ဆီးဂိမ်းပြိုင်ပွဲဝင်နိုင်ငံ မီဒီယာများအကြား အထူးရေပန်းစားလျက်ရှိပြီး အာဆီယံဒေသတွင်း အွန်လိုင်းစာမျက်နှာများတွင် နေရာယူမှုအများဆုံး စကားလုံးဖြစ်လာခဲ့သည်။

မြန်မာအသင်းမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၈ကမ္ဘာ့ဖလားခြေစစ်ပွဲများကြောင့် ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် ကစားသမားရွေးချယ်မှု ခက်ခဲခဲ့ပြီး ကြယ်ပွင့်ကစားသမားများမပါဝင်သောအသင်းအဖြစ်သတ်မှတ်ခဲ့ကြသည်။

မြန်မာကြယ်ပွင့်ကစားသမားများဖြစ်သော ကျော်ကိုကို၊ ကြည်လင်း၊ သန်းပိုင်၊ အောင်သူတို့ကိုရွေးချယ်ရန် အခြေအနေမပေးသောကြောင့် စင်ကာပူမီဒီယာများက မြန်မာနည်းပြချုပ် ဦးကြည်လွင်အား ကစားသမားရွေးချယ်ခဲ့ရမှုအပေါ် မေးခွန်းထုတ်ခဲ့ကြသည်။ ဦးကြည်လွင်က ကြယ်ပွင့်ကစားသမားတွေမပါဝင်သော်လည်း ကိစ္စမရှိကြောင်းတုံ့ပြန်ခဲ့ပြီး နှစ်ပတ်အကြာ မြန်မာဘောလုံးအသင်းမှာ ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့ခြင်းကြောင့် အဆိုပါ "No Stars, No Problems" စကားလုံးမှာ အာဆီယံမီဒီယာများအကြား ရေပန်းအစားဆုံးစကားလုံးအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် မြန်မာဂိုးသမားကျော်ဇင်ဖြိုး၊ အသင်းခေါင်းဆောင်နေလင်းထွန်း၊ စည်သူအောင်တို့မှာ စင်ကာပူမှရွှေတံဆိပ်ကိုးဆုရှင် ရေကူးချန်ပီယံစကူးလင်း၊ ထိုင်းဘောလုံးအသင်းခေါင်းဆောင် ဆာရာ့ချ်တို့နှင့်အတူ မီဒီယာစာမျက်နှာများတွင် နေရာယူမှုအများဆုံးကစားသမားများ ဖြစ်လာခဲ့သည်။

## ဆီးဂိမ်းမှာ ထိုင်းအသင်းထိပ်ဆုံးမှ ရပ်တည်နေ

ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးရန်နီးကပ်လာချိန်တွင် ထိုင်းနိုင်ငံကိုယ်စားပြုအသင်းမှာ နှစ်ရက်အတွင်း ပြိုင်ပွဲစုံ၌ ရွှေတံဆိပ် ၁၆ဆု ထပ်မံရရှိကာ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုတွင် နံပါတ်တစ်နေရာ၌ ရပ်တည်နေသည်။

ထိုင်းအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲ၌ နှစ်စဉ်နှစ်တိုင်းဆိုသလိုပင် ဒေသတွင်း နိုင်ငံများအကြား ထိပ်ဆုံးမှရပ်တည်နိုင်သောအသင်း ဖြစ်သည်ဟု ဘန်ကောက်ပို့စ်က ရေးသားဖော်ပြသည်။




ဘောလုံးအားကစားတွင်လည်း ထိုင်းအသင်းမှာ စုစုပေါင်း ၁၄ ကြိမ်အထိ ချန်ပီယံဆုရရှိထားကာ ပြိုင်ဘက်ကင်းအသင်းအဖြစ် ဆယ်စုနှစ်နှစ်စုကျော်ကြာ ရပ်တည်ထားနိုင်သောအသင်းဖြစ်သည်။

ထိုင်းအသင်းသည် လက်ရှိတွင် ရွှေတံဆိပ် ၉၃ ခုဖြင့် ဒုတိယနေရာရှိ အိမ်ရှင်စင်ကာပူထက် ရွှေတံဆိပ် ၁၀ ခုအသာရကာ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုတွင် နံပါတ်တစ်နေရာတွင် လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်ထားနိုင်သည်။

ထိုင်းဘောလုံးအသင်းမှာလည်း ရွှေတံဆိပ်ဆုရရှိရန် 'တစ်'ပြေးနေပြီး ရွှေတံဆိပ်ဆုရယူရန်အတွက်သာ စင်ကာပူသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းအသင်းခေါင်းဆောင် ဆာရာ့ချ်က မီဒီယာများသို့ ပြောသည်။

### ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၃ | ၈၃ | ၆၈ | ၂၄၄ |
| ၂ | စင်ကာပူ | ၈၃ | ၇၃ | ၁၀၂ | ၂၅၈ |
| ၃ | ဗီယက်နမ် | ၇၃ | ၅၂ | ၆၀ | ၁၈၅ |
| ၄ | မလေးရှား | ၆၀ | ၅၅ | ၆၆ | ၁၈၁ |
| ၅ | အင်ဒိုနီးရှား | ၄၅ | ၅၈ | ၇၄ | ၁၇၇ |
| ၆ | ဖိလစ်ပိုင် | ၂၉ | ၃၆ | ၆၆ | ၁၃၁ |
| ၇ | မြန်မာ | ၁၂ | ၂၆ | ၃၁ | ၆၉ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၅ | ၉ | ၁၅ |
| ၉ | လာအို | ၀ | ၄ | ၂၅ | ၂၉ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၆ | ၇ |
| ၁၁ | တီမော | ၀ | ၁ | ၁ | ၂ |



## ဆီးဂိမ်းမှာရွှေကိုးဆုနဲ့စံချိန်သစ်စိုက်ထူနိုင်ခဲ့တဲ့ စကူးလင်း

၂၀၁၅ဆီးဂိမ်းရေကူးပြိုင်ပွဲတွင် စင်ကာပူမှဂျိုးဇက်စကူးလင်းသည် ရွှေတံဆိပ်ကိုးဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခင်ဆီးဂိမ်းစံချိန်ရှင်များဖြစ်သော ပက်ထရစ်ရှာချန်၊ အန်ပန်ဆိုင်ယွန်နှင့် ဂျူစီလင်းယိုတို့ကိုလိုက်မီနိုင်မည့် ကစားသမားဟု စင်ကာပူမီဒီယာများက ဖော်ပြသည်။ ချန်နှင့် ယိုတို့သည် ယှဉ်ပြိုင်ခဲ့သော ဆီးဂိမ်းပြိုင်ပွဲများတွင် တစ်ဦးချင်းရွှေတံဆိပ် စုစုပေါင်း ၄၀ စီ ဆွတ်ခူးနိုင်ခဲ့သော ကစားသမားများလည်းဖြစ်သည်။

ပက်ထရစ်ရှာချန်က "ဂျိုးဇက်က တကယ့်ကိုပါရမီပြည့်ဝနေတဲ့ ကစားသမားပါ။ သူကဆီးဂိမ်းမှာပြိုင်ဘက်ကင်းတဲ့ ကစားသမားပါ။ ဒါပေမယ့် ရီယိုဒီဂျနေးဒိုး အိုလံပစ်မှာတော့ သူအောင်ပွဲဆင်မှာလားဆိုတာ သေချာမသိပါဘူး။ အိုလံပစ်ပွဲဆိုတာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပြိုင်ရတဲ့ပွဲပါ။ သူက နည်းပြအက်ဒီးရီးစ်နဲ့အပေးအယူမျှတဲ့ ကစားသမားဆိုတော့ သူရဲ့ဦးတည်ချက်ကို ကောင်းကောင်းပုံဖော်နိုင်ခဲ့တာပေါ့"ဟု ပြောသည်။

အသက်(၁၉)နှစ်အရွယ်ရှိ ဂျိုးဇက်စကူးလင်းသည် လာမည့် ၂၀၁၆ ရီယိုဒီဂျနေးဒိုး အိုလံပစ်ပြိုင်ပွဲတွင် ရေကူးပြိုင်ပွဲပြိုင်ပွဲစုံ၌ စင်ကာပူနိုင်ငံကိုယ်စားပြုကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

## ဆီးဂိမ်းအားကစားသတင်းတိုများ

- စင်ကာပူအသင်းသည် အမျိုးသား၊ အမျိုးသမီး Floorball ပြိုင်ပွဲနှစ်ခုလုံးတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။
- အမျိုးသားဝါတာပိုလိုပြိုင်ပွဲတွင် စင်ကာပူက ဖိလစ်ပိုင်အား ၂၃-၂ ဖြင့် အနိုင်ရရှိခဲ့သည်။
- ဖိလစ်ပိုင်အသင်းသည် လက်ဝှေ့ပြိုင်ပွဲတစ်မျိုးတည်းကပင် ရွှေတံဆိပ်ဆု ငါးဆုရယူနိုင်ခဲ့သည်။
- တင်းနစ်ပြိုင်ပွဲများတွင် ထိုင်းအသင်းကသာ ဦးဆောင်နေပြီး ရွှေတံဆိပ်ဆုရရှိရန်အလားအလာကောင်းနေသည်။
- အင်ဒိုနီးရှားအမျိုးသမီးဘတ်စကက်ဘောအသင်းသည် ထိုင်းအသင်းကို လည်းကောင်း၊ အမျိုးသားအသင်းသည် ဖိလစ်ပိုင်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

မေလှဲ့သင်း - စုစည်းသည်။



# ကွန်းလုံမြို့နယ်တွင် တရားမဝင်ဓားရွှေတုံးများ သိမ်းဆည်းရမိ

**ကွန်းလုံ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလုံမြို့နယ် မော်ကယ်ကျေးရွာအုပ်စု မော်ကယ်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မော်ကယ်-ပန်းညိုရေနံမှော်သွားကားလမ်းဘေး တောထဲတွင် ဇွန် ၁၄ ရက် နံနက်ပိုင်းက တရားမဝင် တမလန်းဓားရွှေတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွန်းလုံမြို့နယ် ပေပင်ချောင်ရဲကင်းစခန်းမှူး ရဲအုပ်စိုးလွင်အောင်၊ ကွန်းလုံသစ်တောဦးစီးဌာနတောအုပ်ကြီး ဦးဇော်အောင်မိုးနှင့် တာဝန်ရှိသူများသည် မော်ကယ်ကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာ မော်ကယ်-ပန်းညိုရေနံမှော်သွားကားလမ်းဘေး တောထဲတွင် တမလန်းဓားရွှေတုံး၂၆ တုံး (၂ ဒသမ ၅၃၄) တန်ခန့်ကို မော်ကယ်ကျေးရွာနေ မြင့်လွင်နှင့်အတူ သိမ်းဆည်းရမိသည်။ ထို့နောက် တမလန်းဓားရွှေတုံး ၂၄ တုံး (၁ ဒသမ ၈၇၈) တန်ခန့်အား ထပ်မံသိမ်းဆည်းရမိ၍ ပိုင်ရှင်မှာ ကွန်းလုံမြို့နေ တင့်လွင်ဦး၏သစ်များဖြစ်ကြောင်း သိရသည်။

အဆိုပါတရားမဝင်တမလန်းဓားရွှေတုံး ပိုင်ရှင်မြင့်လွင်(၃၄)နှစ်အား အရေးယူဆောင်ရွက်လျက်ရှိပြီး တင့်လွင်ဦး (၄၀)နှစ်အား ဖမ်းဆီးစစ်ဆေးပြီး တရားစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကွန်းလုံ)**

# ၁၀ ဘီးယာဉ် နောက်ဘီးကျွံ၍ တံတားကျိုးကျပျက်စီး


**ဂန့်ဂေါ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရွာစည်ကျေးရွာအနီး မိုင်တိုင်အမှတ်(၁၁၂/၅)နှင့် (၁၁၂/၆) အကြား ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ တံတားအမှတ် (၃/၁၁၃) မဖေးတံတား (သံဘေလီပျဉ်ခင်း)အလျား ပေ ၄၀၊ အကျယ် ၁၃ပေရှိ တံတားပေါ်တွင် ဇွန် ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့မှ တမူးမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျွဲတဲကျေးရွာနေ ငြိမ်းစိုး (၂၉) နှစ်မောင်းနှင်သည့် ၉ခ/ Nissa ၁၀ ဘီးယာဉ်သည် တံတားပေါ်ဖြတ်သန်းစဉ် နောက်ဘီးကျွံကျ၍ တံတားကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ငြိမ်းစိုးအား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိုညိုဝင်း (မကွေး)**

# ကားနှင့် ဆိုင်ကယ်တိုက်မိ၍ တစ်ဦးဒဏ်ရာရရှိ



**မြင်းမူ ဇွန် ၁၅**

မြင်းမူမြို့နယ် ကန်ဖျားကျေးရွာဇရပ်အနီးတွင် ဇွန် ၁၄ ရက် နံနက်ပိုင်းက ခရီးသည်တင်မှန်လုံယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မိကြရာ ဆိုင်ကယ်တိမ်းမှောက်ခဲ့ပြီး ဆိုင်ကယ်စီးနင်းသူ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းမူမြို့နယ် ကန်ဖျားကျေးရွာဇရပ်အနီး မုံရွာ-မန္တလေးကားလမ်းမိုင်တိုင်အမှတ် (၄၂/၅နှင့် ၄၂/၆)အကြား ကန်ဖျားကျေးရွာ လမ်းခွဲအနီးတွင် သန်းလင်း (၂၆)နှစ် ကန်ဖျားကျေးရွာ မြင်းမူမြို့နယ်နေသူ စီးနင်းသည့် ဆူပါကပ်ဂျာလင်း ဆိုင်ကယ်သည် ရွာအဝင်လမ်းမှ ကားလမ်းပေါ်သို့တက်စဉ် မန္တလေးမှ မုံရွာသို့ ရွှေလင်း(၅၅)နှစ် ပါရမီရပ် ပုလဲမြို့နယ်နေသူ မောင်းနှင်သော SGG 6B/----- R-5 ခရီးသည်တင်မှန်လုံယာဉ်နှင့် တိုက်မိသဖြင့် ဆိုင်ကယ်တိမ်းမှောက်ခဲ့ပြီး ဆိုင်ကယ်စီးနင်းသူ သန်းလင်းတွင် ဒဏ်ရာများရရှိကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ရွှေလင်းနှင့် သန်းလင်းတို့အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၆၂၄)**

## စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ပါမနေး

**ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

# ပခုက္ကူမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိရောင်းချသူများအား ဖမ်းဆီး

**ပခုက္ကူ ဇွန် ၁၅**

ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက်ညပိုင်းက ပခုက္ကူမြို့ အမှတ် (၇)ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်းအနီးတွင် ပခုက္ကူမြို့နေ ချစ်ဦးမောင်နှင့် မအိမ့်စီမော်တို့အား မသင်္ကာဖွယ်တွေ့ရှိပြီး ဦးတင်ဝင်းမြင့် နေအိမ်ခြံဝန်းအတွင်းသို့ ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၉ ပြား၊ ချစ်ဦးမောင်ထံမှ မူးယစ်ဆေးဝါးရောင်းရငွေ ၇၈၀၀၀ ကျပ်နှင့် Soñy ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သောကြောင့် မူးယစ်ဆေးဝါးရောင်းချသူ ချစ်ဦးမောင်နှင့် မအိမ့်စီမော်တို့အား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ချစ်ဦးမောင်အား ဆက်လက်စစ်မေးခဲ့ရာ ဇော်လင်းအောင်(ခ) ဖိုးဇော် (၃၄)နှစ် သီရိမင်္ဂလာလမ်း ပခုက္ကူမြို့နေသူနှင့် ချိန်းဆိုထားကြောင်း သိရသဖြင့် အမှတ်(၈)ရပ်ကွက် လွတ်လပ်ရေးပန်းခြံ မြောက်ဘက်တွင် YAKEDA CZI-125 ဆိုင်ကယ်တစ်စီးနှင့်အတူ ဇော်လင်းအောင်(ခ)ဖိုးဇော်အား တွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြား တွေ့ရှိပြီး ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၄ ပြား ထပ်မံရှာဖွေတွေ့ရှိခဲ့သဖြင့် ဇော်လင်းအောင်(ခ)ဖိုးဇော်အား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဘိန်းစိမ်း တစ်ကီလို သိမ်းဆည်းရမိ



**နိုင်နိုင်အောင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် ဇွန် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် သီပေါမှ နောင်ချိုသို့ နိုင်နိုင်အောင် မောင်းနှင်လာသည့် 1E/----(MR- S) ပြိုင်ကားကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဘိန်းစိမ်း တစ်ကီလို သိမ်းဆည်းရမိသဖြင့် နိုင်နိုင်အောင် (၂၇) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ရေနုတ်မြောင်းကို ဖြတ်ကူးသည့် ကလေးငယ်သုံးဦး ရေနစ်သေဆုံး

**နေပြည်တော် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရေနစ်သေဆုံးသူ ကလေးငယ် သုံးဦးရောက်ရှိနေကြောင်း သတင်းအရ သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဇွန် ၁၃ ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးရာ သေဆုံးသူများမှာ သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာနေ မယဉ်ယဉ်မိုး(၁၀)နှစ်၊ မမိုးမိုးအေး (၈)နှစ်နှင့် မောင်နန်းလွင်မိုး(၅)နှစ်တို့ မောင်နှမသုံးဦးဖြစ်ပြီး စစ်ဆေးချက်အရ အဆိုပါကလေးငယ် သုံးဦးသည် ယင်းနေ့ နံနက် ၈ နာရီခွဲက နေအိမ်မှ ရွာအတွင်းရှိ မုန့်ဆိုင်သို့ မုန့်သွားဝယ်စဉ် လမ်းရှိ အသစ်ဖောက်လုပ်ထားသော အကျယ်ငါးပေ၊ အနက်လေးပေခန့်ရှိ ရေနုတ်မြောင်းအား ဖြတ်ကူးရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# လမ်းဘေးမြေထိန်းအုတ်နံရံအား ဆိုင်ကယ်ဖြင့် ဝင်တိုက်မိ၍ သေဆုံး

**ငဖဲ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပဒါန်း-ငဖဲကားလမ်း မိုင်တိုင်အမှတ် (၃/၂ နှင့် ၃/၃)အကြားတွင် ဇွန် ၁၃ ရက် ညပိုင်းက ဆိုင်ကယ်တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ပဒါန်းကျေးရွာဘက်မှ ပန်းထိမ်းကျေးရွာဘက်သို့ ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာနေသူ ဦးစိန်ဝင်း (၅၃)နှစ် မောင်းနှင်သော ဒါရမ်း 125 အနက်ရောင် ဆိုင်ကယ်သည် အရှိန် မထိန်းနိုင်ဘဲ ပန်းထိမ်းတံတား လမ်းလွှဲမြေသားလမ်းအတက် ယာဘက်ခြမ်းမြေထိန်း အုတ်နံရံအား ဝင်တိုက်မိသဖြင့် ဦးစိန်ဝင်းတွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

◆◆

# မသင်္ကာသူအားစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုဖော်ထုတ်နိုင်

**နေပြည်တော် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မပေါ်ပေါက်သေးသည့် အမှုများကို ဖော်ထုတ်ရန် နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ချမ်းမြသာစည်မြို့နယ် (၄၉)လမ်းနှင့် မနော်ဟရီလမ်းထောင့်၌ KENBO-125 ဆိုင်ကယ် တစ်စီးနှင့် မသင်္ကာဖွယ်သူတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့ရာ ၎င်းမှာ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ လှထွန်း(ခ) ဇင်မင်းခန့် (၁၈)နှစ်ဖြစ်ပြီး ယင်းဆိုင်ကယ်ကို ယခုနှစ် ဧပြီလအတွင်းက အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် လမ်း(၈၀) ၁၉×၂၀ လမ်းကြား ကျုံးဘေးမှ ခိုးယူခဲ့ကြောင်း သိရှိရသဖြင့် လှထွန်း(ခ) ဇင်မင်းခန့်အား အောင်မြေသာစံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ဆောင်းပါး

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထူးလိုအပ်သည့် "ဝါး"

ဝါး စတင်ပေါက်ရောက်လာပုံမှာ ပညာရှင်များ၏ အဆိုအရ ကမ္ဘာဦးကာလတွင် မော့(Moss)ရေညှိ၊ ရေမှော်များမှအစပြု၍ ကုန်းပိုင်းကျောက်ခဲကျောက်တုံးများတွင် ပေါက်ရောက်သော Fern အပင်ကလေးများသို့ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာပြီး ထိုမှတစ်ဆင့် ဝါးတောသစ်တောများအဖြစ် ပြောင်းလဲလာခဲ့ကြောင်း သိရသည်။ ဝါးသည် နှစ်ရှည်ခံမြက်ကြီးမျိုးရင်းဖြစ်၍ သဘာဝအားဖြင့် စွတ်စိုသော မုတ်သုံတောများတွင် အလွန်သန်စွမ်းကာ သမပိုင်းတွင် အသင့်အတင့်ဖြစ်ထွန်း၍ ခြောက်သွေ့သော အပူပိုင်းဒေသများတွင် အပင်ပုများအဖြစ် ပေါက်ရောက်တတ်သည်။ ဝါးသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသောကြောင့် နိုင်ငံများစွာတို့တွင် ဆင်ခြေလျှောတောင်ကုန်းများအား ရေတိုက်စားခြင်းမှ ကာကွယ်ရန်နှင့် မြေသားကြံ့ခိုင်စေရန် စိုက်ပျိုးကာကွယ်ကြသည်။

ဝါးသည် လူသားများအတွက် ဆောက်လုပ်ရေးပစ္စည်း၊ ပရိဘောဂ၊ ခြံစည်းရိုး၊ ပျော့ဖတ်နှင့်စက္ကူ၊ ပန်းပု၊ လူတို့၏ အစားအစာ၊ အဝတ်အထည်၊ ခေါင်းအုံး၊ မွေ့ရာ၊ အခင်းနှင့် တိရစ္ဆာန်အစားအစာအဖြစ် များစွာအသုံးဝင်လှသည်။

လွန်ခဲ့သောနှစ်အတန်ကြာကပင် ဝါးစိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ နေထိုင်မှုဘဝဖွံ့ဖြိုးရေးကို ကောင်းစွာဆောင်ရွက်နိုင်ကြောင်း သိရှိလာခဲ့ကြသည်။ ဝါးအများဆုံးအသုံးပြုသည့် နိုင်ငံများမှာ အာရှတိုက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဖြစ်ပြီး ဝါးသည် ပင်လယ်ရေမျက်နှာပြင်မှစ၍ အမြင့်ပေ ၁၃၀၀၀ အထိပေါက်ရောက်နိုင်ကြောင်း ပညာရှင်များ၏အဆိုအရ သိရသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၂ မျိုးနှင့် မျိုးစိတ် ၁၂၀ ခန့်ရှိပြီး သဘာဝအလျောက် ပျံ့နှံ့ပေါက်ရောက်သည်။

ယခုအခါ ဝါးများ အလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့် သဘာဝဝါးတောများ လူနေကျေးရွာများနှင့် ဝေးကွာသွားသည့်အပြင် ဝါးကြီးကြီး၊ အလုံးချောချော၊ အရည်အသွေးကောင်းဝါးများရရှိရန် ခက်ခဲလာပြီဖြစ်သည်။ အချို့မြို့နယ်များတွင် ဝါးနှင့်သစ်ဈေး မတိမ်းမယိမ်းဖြစ်နေသည်။ "သစ်မရခင် ဝါးပေါင်ကွပ်"ဆိုသည့် မြန်မာဆိုရိုးစကားရှိခဲ့သော်လည်း ယခုအခါ ဝါးမှာ ယာယီအစားထိုးခြင်း မဟုတ်တော့ဘဲ မရှိမဖြစ်လိုအပ်သည့်ပစ္စည်း ဖြစ်လာသည်။

ဝါးသည် အပင်လောကတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်အများဆုံး စုပ်ယူသည့်အပင်အမျိုးအစားတွင် ပါဝင်ခြင်း



ကြောင့် ဝါးပင်ပတ်ဝန်းကျင်၌ သန့်ရှင်းလတ်ဆတ်သောလေကို ရှူနိုင်သလို လေကာနေကာ ရေတိုက်စားခြင်း၊ လေတိုက်စားခြင်းဒဏ်မှ ကာကွယ်နိုင်သည့် အပင်အမျိုးအစားဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထူးအရေးပါသောအပင်ဖြစ်သည့်အပြင် အပင်တစ်ခုလုံးသည် သက်ရှိလောကအတွက် အသုံးဝင်သည့် အပင်အမျိုးအစားတွင် ပါဝင်သည်။

တစ်ဖန် အစားအသောက်အဖြစ်လည်း များစွာအသုံးဝင်ပေသည်။ နုနယ်သည့်ဝါးထွက်စအစို့ဖြစ်သည့် မျှစ်အား ပြုတ်၍လည်းကောင်း၊ အချဉ်ပြုလုပ်၍လည်းကောင်း၊ အခြောက်ခံ၍လည်းကောင်း စားသုံးကြသည်။ စားသုံးရာတွင် မျှစ်အားပြုတ်ပြီး ရေအထပ်ထပ်ဆေးပြီးမှ စားသုံးသင့်သည်။ မျှစ်တွင်ပါဝင်သည့် အော်ဂဲနစ်ဓာတ်တစ်မျိုးသည် ဓာတ်ပျက်သွားသောအခါ ဟိုက်ဒရိုဆိုင်ရာနစ်အက်စစ် ဖြစ်သွားသောကြောင့် အလွန်ပြင်းသည့် အဆိပ်ဖြစ်ပေါ်တတ်သည်။ ဝါးအမျိုးအစားလိုက်၍ ပြုတ်ခြင်း၊ ရေကြာကြာစိမ်ခြင်းမပြုဘဲ စားသောက်မိလျှင် မူးဝေအော့အန်ခြင်းဖြစ်နိုင်သည်။ မျှစ်အဖြစ်စားသုံးရန် ဝါးမျိုးများမှာ ဝါးဘိုး၊ ကြသောင်း၊ ဝါးဘိုးမျက်ဆံကျဲ၊ ရုံဝါး၊ ခရင်းဝါး၊ မျှင်ဝါး၊ အလောင်းစည်သူဝါး စသည်ဖြင့် မျိုးစိတ်ပေါင်း ၄၀ ကျော်ခန့်ရှိသည်။ ဝါးမှ လူသုံးဆေးဝါးများ ထုတ်လုပ်လျက်ရှိပြီး ဘီယာနှင့်ရှလကာရည်တို့အား တရုတ်နိုင်ငံ၌ထုတ်လုပ်နေသည်ကို သိရှိရသလို ဝါးဖြင့် လူအသုံးအဆောင်ပစ္စည်းမျိုးစုံကို ထုတ်လုပ်ရောင်းချသဖြင့် ဈေးကောင်းရနေကြောင်းကို ကြားသိနေရသည်။ တစ်ချိန်က မြန်မာ့ဝါးဖြင့်ပြုလုပ်သော ငါးမျှားတံမှာ ကမ္ဘာ့ဈေးကွက်တွင် အထူးရေပန်းစား လူကြိုက်များခဲ့သဖြင့် နှစ်စဉ်ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ငါးမျှားတံအဖြစ်အသုံးပြုသော ဝါးမှာ မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သော ထီးရိုးဝါးပင်ဖြစ်သည်။ ဝါးသည် လူသားတို့အတွက် မည်မျှအသုံးဝင်သည်ကို တစေ့တစောင်းတင်ပြပြီးဖြစ်၍ ဝါးကိုစိုက်ပျိုးခြင်းဖြင့် မည်မျှအကျိုးဖြစ်ထွန်းနိုင်သည်ကို စာရေးသူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ တိုက်ကြီးမြို့နယ်သို့ အသွားလမ်းခရီးတွင် ဝါးပျိုးပင်များရောင်းသည့် ခြံသို့ အခါအခွင့်သင့်ရောက်ရှိခိုက် ဝါးပျိုးပင်များ လက်တွေ့စိုက်ပျိုးနေသူတစ်ဦး၏ ရှင်းလင်းပြောကြားခဲ့သည့် စကားများကို မျှဝေပါမည်။

ထိုခြံသည် လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအုပ်စု

**ငွေးအောင်(ကြေးမုံ)**

တောင်ထပ်ကျေးရွာတွင် တည်ရှိပါသည်။ ယင်းဝါးခြံကို စိုက်ပျိုးလုပ်ကိုင်နေသည့်အဖွဲ့များမှာ Htoo MAR & POP POP Co.,Ltd. ဖြစ်ပြီး ဝါးပျိုးပင်များကို ရောင်းချပေးနေသလို လှူဒါန်းမှုများလည်း ပြုလုပ်နေကြောင်း သိရသည်။

ခြံအတွင်းရောက်ရှိသည်နှင့် စိမ်းလန်းစိုပြည်နေသည့် ဝါးရိပ်၊ သစ်ပင်ရိပ်များကို တွေ့ရှိ၍ လမ်းခရီးမောပန်းလာသမျှ လန်းဆန်းသွားခဲ့သည်။ ခြံထဲတွင် ဧည့်ခံ၍ ထိုင်စကားပြောရင်း ဝါးစိုက်ပျိုး၍ မည်မျှအကျိုးပြုပုံကို ခြံမှူးဦးယျာဉ်မှူးက ရှင်းပြရာတွင်-

ဝါးစိုက်ပျိုးသည့်စနစ် လေးမျိုးရှိကြောင်း (၁)ခြံတွင်းစိုက်ပျိုးခြင်း၊ (၂)စီးပွားဖြစ်စိုက်ပျိုးခြင်း၊ (၃)စနစ်တကျမြေယာအသုံးချ၍ စိုက်ပျိုးခြင်း(သို့မဟုတ်) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ (၄)သစ်တောထိန်းသိမ်းရေးအစီအစဉ်ဖြင့် စိုက်ပျိုးခြင်းတို့ဖြစ်ကြောင်း၊ ခြံတွင်းစိုက်ပျိုးခြင်းမှာ မိမိအိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် ဝါးစိုက်ပျိုးခြင်းပင်ဖြစ်ပြီး မိသားစုအသုံးပြုရန်သာ စိုက်ပျိုးခြင်းပင်ဖြစ်ကြောင်း၊ စီးပွားဖြစ်စိုက်ပျိုးခြင်းမှာ ဧကအနည်းငယ်မှ ထောင်ပေါင်းများစွာအထိ စီးပွားဖြစ် ဝင်ငွေရရှိရန် ဝါးစိုက်ပျိုးခြင်းဖြစ်ပြီး ဝါးမျိုးစိတ်များစွာကို စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စနစ်တကျမြေယာအသုံးချ၍ စိုက်ပျိုးခြင်း (သို့) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းမှာ တာရှည်ခံသော သဘာဝပတ်ဝန်းကျင်နှင့် လူတို့ဘဝကိုဖြစ်ထွန်းစေရန်ဖြစ်သဖြင့် ဝါးပင်ကို နှစ်ချင်းဝင်ငွေရသီးနှံများနှင့် ရောနှော(သီးညှပ်)စိုက်ပျိုးခြင်း၊ သီးနှံပင်မှ နှစ်ချင်းဝင်ငွေရပြီး ဝါးမှ သုံးနှစ်၊ လေးနှစ်အတွင်း ဝင်ငွေရရှိ၍ သစ်ပင်ကြီးမှ နှစ်ရှည်ဝင်ငွေရခြင်းတို့ဖြစ်ကြောင်း၊ ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် ဝါးမျိုးစိတ်တစ်မျိုးတည်းကိုသာမစိုက်ဘဲ ဝါးမျိုးစိတ်များစွာကို အလှည့်နှင့် စိုက်ပျိုးပေးရန်လိုအပ်ကြောင်း၊ သစ်တောထိန်းသိမ်းရန် စိုက်ပျိုးခြင်းမှ သစ်တောများကို ကာကွယ်ထိန်းသိမ်းရန်အတွက်ရည်ရွယ်၍ ဝါးပင်များစိုက်ပျိုးခြင်းဖြစ်ကြောင်း ဦးစွာရှင်းလင်းပြောကြားသည်။

**ဆက်လက်ဖော်ပြပါမည်။**





**အုံးမြို့သစ်**
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

**တိုက်ခန်းရောင်းမည်**
ပေ(၁၅×၅၀) (၅လွှာ/ဘီ) တိုက်သစ်၊ လူနေထိုင်ခွင့်ကျပြီး။ သမာဓိလမ်း၊ မေတ္တာညွန့်၊ Pile foundation၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ ကြွေပြားခင်း/ကပ်၊ ဘိုထိုင်အိမ်သာ Halltype, ရေ (ဂျိုးဖြူ အဝီစိ)
ဖုန်း-၀၉ ၂၅၄၄၈၈၈၀၈၊ ၀၉ ၄၅၀၀၅၂၄၃၂

**ယာဉ်မောင်းအလိုရှိသည်**
နေ့မောင်း တစ်လက်ကိုင်
CNG 70 အိုး(EE---)
ဖုန်း-၀၉ ၄၃၀၁၁၉၄၇

**တိုက်ခန်းအမြန်ရောင်းမည်**
ပေ(၂၀×၆၀) ပြင်ဆင်ပြီး ဗိုလ်စိန်မှန်လမ်းအနီး၊ ဗဟန်း၊ ၁၃၉၅ သိန်း အလျှော့အတင်းရှိ။
ဖုန်း-၀၉-၅၁၈၅၃၁၀

**"အများသိစေရန်ကြေညာခြင်း"**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့မရပ်ကွက်၊ အိမ်အမှတ် (၉၇) နေ (အဘ) ဦးညွန့်မောင်၏သမီးများဖြစ်ကြသော ဒေါ်တင်တင်ရွှေ(ခ)မကြီး (၉/ကပတ(နိုင်)၀၂၇၁၀၆) ဒေါ်တင်တင်ဆွေ(ခ)မငယ် (၉/ကပတ(နိုင်)၀၂၇၀၇၂)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စစ်တွင်းလမ်း၊ အမှတ် (၈၅) နေ ဒေါ်စန်းတင့် (၉/ကပတ(နိုင်)၀၂၇၁၀၇)၊ ဒေါ်ငွေငွေဝင်း (၉/ကပတ(နိုင်)၀၂၇၁၀၇) တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာ အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာဈေးအတွင်း J သွပ်ရုံတန်းကြီးရှိ ဆိုင်ခန်းအမှတ်- ၅၀ နှင့် ၅၁ ဆိုင်ခန်းနှစ်ခန်းမှာ ကျွန်ုပ်မိတ်ဆွေများ၏မိခင်ဖြစ်သူ ဒေါ်အေးမအမည်ပေါက်ပိုင်ဆိုင်သည့် ဆိုင်ခန်းများဖြစ်ပါသည်။ ယခုအခါ မိခင်ဖြစ်သူဒေါ်အေးမနှင့် ဖခင်ဖြစ်သူဦးညွန့်မောင်တို့ကွယ်လွန်သွားကြပြီးနောက် ၎င်းတို့၏တရားဝင်အမွေစားအမွေခံသားသမီးများအဖြစ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ အထက်ဖော်ပြပါမောင်နှမ (၄)ဦးသာမက ကျန်မောင်နှမများလည်း ကျန်ရစ်ခဲ့ပါသည်။ အဆိုပါဆိုင်ခန်းနှစ်ခန်းမှာလည်း မိဘများကွယ်လွန်သွားပြီဖြစ်၍ ၎င်းတို့၏ သားသမီးများကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ဆိုင်ခန်းများဖြစ်ပါသည်။ ယင်းဆိုင်ခန်းများအား မိဘများသက်ရှိထင်ရှားရှိစဉ်ကတည်းကပင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ရွှေ (ခ)မကြီးနှင့် ဒေါ်တင်တင်ဆွေ(ခ) မငယ်တို့ကသာလျှင် မိဘများနှင့်အတူ ဦးစီးဦးဆောင်လုပ်ကိုင် စားသောက်ခဲ့ကြပြီး မိဘများကွယ်လွန်သွားပြီးနောက်ပိုင်းမှစ၍ ယနေ့အချိန်ထိလည်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ရွှေ (ခ)မကြီးနှင့် ဒေါ်တင်တင်ဆွေ(ခ) မငယ်တို့ကပင် ဦးစီးဦးဆောင် ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်လျက်ရှိသည်မှာ နှစ်ပေါင်း(၃၀)ကျော်ခန့်ရှိပြီဖြစ်ပါသည်။ အဆိုပါဆိုင်ခန်း နှစ်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော အထက်ဖော်ပြပါ ညီအစ်မ (၄)ဦးသာမက ကျန်ညီအစ်ကိုမောင်နှမများကသော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေများနှင့်ကျန်ညီအစ်ကိုမောင်နှမများ၏ လွှဲအပ်ညွှန်ကြားချက်၊ သဘောတူညီချက်တစ်စုံတစ်ရာမပါရှိဘဲ အဆိုပါဆိုင်ခန်းနှစ်ခန်းအား အမည်ပြောင်းလဲခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ရွှေ(ခ)မကြီး၊ ဒေါ်တင်တင်ဆွေ(ခ)မငယ်၊ ဒေါ်စန်းတင့်၊
ဒေါ်ငွေငွေဝင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်လှဲ့ဝေ ( LL.B., D.B.L )
အထက်တန်းရှေ့နေ (စဉ်-၃၈၉၈၀)
အမှတ်- ၉၅၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**အများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ချမ်းမြေ့သာယာလမ်း၊ အမှတ်-၁၉၄၀/ခ တွင်နေထိုင်သူ မှတ်ပုံတင်အမှတ်-၈/မကန(နိုင်)၂၄၂၀၅၅ ကိုင်ဆောင်သူ ကျွန်တော့်မိတ်ဆွေဖြစ်သူ ဒေါ်သဇင်ဦးမှာ (၃၁. ၅. ၂၀၁၅)ရက်နေ့စွဲပါ နှစ်ဦးသဘောတူမြေကွက် နှင့်အဆောက်အဦး လွှဲအပ်ခြင်း ကတိစာချုပ်ဖြင့် မိခင်ဖြစ်သူဒေါ်ခင်စန်းရီမှ လွှဲအပ်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်သဇင်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊(၁၆)ရပ်ကွက်၊ချမ်းမြေ့သာယာလမ်း၊ အမှတ်-၁၉၄၀/ခ၊ မြေအကျယ်(၂၀×၆၀)ပေမြေကွက်နှင့် အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်းနှင့် ပေါင်နှံရောင်းချ ပေးကမ်းစွန့်လွှတ်ပိုင်ခွင့်၊ စာချုပ်ချုပ်ဆိုခွင့်၊ လက်မှတ်ရေးထိုးခွင့်၊ ဌာနဆိုင်ရာ အသီးသီးတို့တွင်လိုက်ပါခွင့်ရှိကြောင်းကို ကြေညာအပ်ပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအစုံအလင်ဖြင့်တစ်ပါတည်းယူဆောင်လာပြီး ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမင်းချမ်းမြေ့(LL.B)
အထက်တန်းရှေ့နေ၊ စဉ်(၃၄၅၇၃)
ဖုန်း - ၀၉၃၁၀၈၈၆၀၇
၉၆/က၊ စိန်ပန်းမြိုင်(၃)လမ်း၊(၇)ရပ်ကွက်၊
လှိုင်သာယာမြို့။

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း**

ဒေါ်ညွန့်ရီ [၇/ဖမန(နိုင်)၀၂၇၆၅၄]ကိုင်ဆောင်သူမှ ဦးဝင်းရွှေ[၁၂/စခန(နိုင်)၀၃၄၀၈၉]အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၆-၆-၂၀၀၇ ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၇၃၈/၂၀၀၇)ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
**LL.B, DBL,DML,DIL, DLP, WIPO (Switzerland)**
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
**B.Sc, Hon (IC), HGP, R.L,D.B.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁ ၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

-ကျန်းမာရေးဆောင်းပါး-

# ဆေးဖက်ဝင် ကြိတ်မှန်ပင်လေးများ



à တင်ထက်ထက်ဇော်

ကြိတ်မှန်ပင်များဟာ Compositae( Asteraceae) (ခေါ်) နေကြာမျိုးရင်းဝင်ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Eclipta alba (L) Hassk ဖြစ်ပါတယ်။ အင်္ဂလိပ်လို Trailing Eclipta, ink plant ဟု ခေါ်ပါတယ်။

ကြိတ်မှန်ပင်များတွင် အဖြူ အဝါ၊ အနက်ဟူ၍ သုံးမျိုးခန့် ရှိသော်လည်း အနက်မျိုးမှာ လွန်စွာရှားပါးကြပါတယ်။ အပွင့်ဖြူအပင်မှ ပွင့်ဖတ်အဖြူလေးများ ကြွေကျပြီးနောက် အသီးခွက်တွင် အညိုအနက်ဖြစ်လာသည်ကို ကြိတ်မှန်နက်ဟုလည်း ယူဆကြပါတယ်။ ကြိတ်မှန်ပင်များဟာ အလေ့ကျပေါက်ပင်မျိုးဖြစ်ကာ မြန်မာပြည်နေရာအနှံ့အပြားမှာ ပေါက်ရောက်လေ့ရှိပါတယ်။ အထူးသဖြင့် မိုးများသော အရပ်ဒေသများမှာ ပေါင်းပင်ကဲ့သို့ ပေါက်ရောက်ကြပါတယ်။

(အပင်၏ပုံသဏ္ဍာန်) တစ်နှစ်ခံ ပင်ပျော့ငယ်မျိုးဖြစ်ကာ ၁၈ လက်မကျော်ထိမြင့်ပြီး ထောင်မတ်၍ ပေါက်လေ့ရှိပါတယ်။ ခရမ်းညိုရောင်ရှိသော ပင်စည်ရိုးတံပေါ်တွင် သေးငယ်သော အမွှေးကြမ်းလေးများ ပါရှိနေပါတယ်။

(အရွက်၏ပုံသဏ္ဍာန်) ရွက်ဆိုင်ထွက်ပြီး ရှည်မျောမျောလုံ့စွပ်ပုံဖြစ်ပါတယ်။ ရွက်ထိပ်ချွန်၍ ရွက်ရင်းသွယ်ပြီး ရွက်ညှာမှာ အလွန်တိုပါတယ်။ အရွက်၏ အထက်နှင့် အောက်မျက်နှာပြင်နှစ်ခုစလုံးတွင် အလွန်သေးငယ်သော အမွှေးကြမ်းကလေးများ ပါရှိကြပါတယ်။ ရွက်နားပတ်မှာ ခွေးသွားစိပ်ကလေးများ ဖြစ်ကြပါတယ်။

(အပွင့်၏ပုံသဏ္ဍာန်) ပန်းခိုင်ထိပ်တွင် သေးငယ်သော အပွင့်ကလေးများစုပေါင်း၍ တစ်ပွင့်တည်းကဲ့သို့ ဖြစ်နေပါတယ်။ ပန်းပွင့်မှာ ခေါင်းလောင်းပုံသဏ္ဍာန်ဖြစ်ကာ သူ့ရှင်သန်ပေါက်ရောက်ရာ ရေမြေသဘာဝပေါ်တူမည်၍ ပန်းပွင့်၏အရောင်မှာ အဖြူ (သို့) အဝါရောင် ဖြစ်ပါတယ်။ ပွင့်ခံရွက်ကြီး၍ ထင်သာမြင်သာရှိလှပါတယ်။ တပို့တွဲနှင့် တပေါင်းလတွေမှာ အပွင့်ပွင့်လေ့ရှိပါတယ်။

(ကြိတ်မှန်ပင်နှင့် ကျန်းမာရေး) အပင်တစ်ပင်လုံး (ပဉ္စငါးပါး) ဆေးဖက်ဝင်ပြီး အရွက်က ပို၍ဆေးစွမ်းထက်မြက်ပါတယ်။ မြန်မာ့ဆေးကျမ်းများ၏အဆိုအရ ကြိတ်မှန်ရွက်သည် ပူ၏၊ ချွေးထွက်စေ၏၊ လေနာ၊ သလိပ်နာတို့ကို နိုင်၏၊ သွေးကိုတက်ကြွစေ၏၊ ဆံပင်ကိုနက်၍ သန်စွမ်း စေ၏၊ ဆံပင်ရှည်စေ၏၊ လေ သလိပ် သည်းခြေနှင့်ယှဉ်၍ ဖြစ်သော အနာမျိုးတို့ကိုနိုင်၏၊ အားကိုဖြစ်စေ၏၊ ဓာတ်တို့ကို ပြောင်းစေ၏၊ အသက်ရှည်၏၊ မျက်စိရောင်ခြင်းနှင့် အနာရောင်တင်းခြင်းတို့ကို ပျောက်စေ၏၊ မျက်စိအရောင်ကို တောက်စေ၏။ သွားကိုခိုင်စေ၏။ လိင်ဥရောင်၊ ချောင်းဆိုး၊ ပန်းနာ၊ သမင်ဖြူ ဝါ၊ အရေပြားယားယံခြင်း၊ မျက်စိမမြင်၊ ကာလသားရောဂါ၊ အဆိပ်ရောဂါတို့၌လည်း သုံးရ၏၊ အရေပြား အနီပြင်ထခြင်း၊ ဝက်သက်၊ မီးလောင်နာတို့ကို ကုသရာတွင် အသုံးဝင်၏၊ အသည်းကို အားဖြစ်စေသည့်အတွက် အသည်းအားဆေးများ ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြု၏ဟု ဖော်ပြထားပါတယ်။

အိန္ဒိယဆေးကျမ်းများတွင် bhangra, bhringaraj, bhringraja ဟူ၍ အသံထွက်အမျိုးမျိုး ခေါ်ဝေါ်လေ့ရှိကြပြီး ၎င်းအပင်သည် ခါး၏၊ ပူ၏၊ အနံ့ အရသာစူး၏၊ အာခံတွင်းကိုခြောက်၏၊ အိန္ဒိယရိုးရာကုထုံးများအတွက် လွန်စွာအသုံးတည့်၏၊ အပင်ထဲတွင်ပါရှိသော petroleumether ဓာတ်က ဆံပင်နက်စေ၍ ဆံပင်သန်စေ၏၊ ဆေးဝါးဆိုင်ရာ ဂုဏ်သတ္တိရှိပြီး ပိုးအဆိပ်တို့ကိုပယ်တတ်၏။ ခန္ဓာကိုယ် hissamine ဓာတ်ကြောင့်ဖြစ်စေသော ဓာတ်မတည့်သည်ကို သက်သာစေသောသတ္တိရှိ၏။ ဘက်တီးရီးယားပွားနေသည်ကို ဟန့်တားနိုင်၏။ တုပ်ကွေးရောဂါ၊ အအေးမိရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါများ ကုသရာတွင်လည်း အာနိသင်ရှိ၏။ carbon terachoride ဖြင့်အသည်းရောင်ဖြစ်စေသော hepatitis ရောဂါကို သက်သာစေ၏။ အခြားဆေးဖက်ဝင်အမယ်များနှင့်ပေါင်းစပ်ပြီး ပေါင်းစပ်ဆေးဖုံအဖြစ် ထည့်သွင်းအသုံးပြုကြ၏။ သွေးအားတိုးဆေးအနေဖြင့်လည်းကောင်း၊ သွေးတိတ်ဆေးအနေဖြင့်လည်ကောင်း အသုံးပြုနိုင်၏။ ကြွက်များအားစမ်းသပ်ချက်အရ ဘေးထွက်ဆိုးကျိုး မတွေ့ရှိရပေဟုလည်း ဖော်ပြထားပါတယ်။

(၁) အပင်တစ်ပင်လုံး (ပဉ္စငါးပါး) ပြုတ်ရည်ကို အားတိုးဆေးအဖြစ်လည်းကောင်း၊ အသည်းရောင်ရောဂါနှင့် အရေပြားရောဂါကုဆေးအဖြစ်လည်းကောင်း အသုံးပြုလေ့ရှိပါတယ်။

(၂) အမြစ်ပါမကျန် အပင်တစ်ပင်လုံးကို ကြိတ်၍ ရရှိလာသော သတ္တုရည်နှစ်စက်ခန့်ကို ပျားရည်နှင့်ရော၍ မွေးကင်းစကလေးများကို တိုက်ကျွေးပေးခြင်းဖြင့် နှာစေးချောင်းဆိုးရောဂါတို့ကို ပျောက်ကင်းစေပါတယ်။

(၃) ဆံပင်ကျန်းမာရေးအတွက် ကြိတ်မှန်ပင်ကို အောက်ပါနည်းလမ်းအသွယ်သွယ်တို့ဖြင့် အသုံးပြုနိုင်ပါတယ်။

(က) ဆံပင်ပေါက်မှုကို အားပေးသည့်အပြင် ဆံပင်ကို နက်မှောင်သန်စွမ်းစေပါတယ်။ အပင်တစ်ပင်လုံးကို ကြိတ်ချေ၍ ရလာသောသတ္တုရည်ကို ဆံပင်နက်ဆိုးဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ ၎င်းအရည်ဖြင့် ဦးရေပြားကို နှိပ်နယ်ပေးခြင်းဖြင့်လည်း ဆံပင်သန်စွမ်းစေပါတယ်။

(ခ) ကွမ်းရွက်၊ ကြိတ်မှန်ရွက်၊ မြင်းခွာရွက်၊ ထောလပတ်ရွက်၊ လက်ဖက်ပုပ်နှင့် ဆီးဖြူသီး စတဲ့ခြောက်မျိုးကို အလေးချိန်ပမာဏ ဆတူရောထောင်း၍ ကြိတ်ချေပါ။ ရလာသည့် ၎င်းခြောက်မျိုး၏အရည်ကို အုန်းဆီစစ်စစ်နှင့် ဆတူရောစပ်၍ အညိုရောင်ဖန်ပုလင်းသန့်သန့်ထဲမှာ ထည့်သိမ်းပြီး နေ့စဉ်လိမ်းပေးခြင်းဖြင့် မကြာမီ ဆံသားများ နက်မှောင်တောက်ပြောင်လာပါလိမ့်မယ်။ ၎င်းဆံပင်နက်လိမ်းဆေးဆီလိမ်းရင်း တရော်ကင်ပွန်းသီးတို့ဖြင့် ခေါင်းလျှော်ပေးပါ။ ခေါင်းမလျှော်မီ တစ်ရက်ကြို၍ ညဘက်မှာ ဆံပင်နက်အုန်းဆီကို များများလိမ်း၍အိပ်ပြီး နံနက်မှာ ခေါင်းလျှော်ပါ။ ၎င်းဆံပင်နက်အုန်းဆီကို လိမ်းပေးခြင်းဖြင့် အရွယ်မတိုင်မီ ဆံပင်ဖြူသူရော၊ ဇရာကြောင့် ဆံပင်ဖြူသူများအတွက်ပါ ဆံသားနှင့် ဦးရေတို့ကို ကျန်းမာစေပြီး ဆံပင်တွေ နက်မှောင်လာစေနိုင်ပါတယ်။

(ဂ) ကြိတ်မှန်ရွက်နှင့် နှမ်းနက်တို့ကို ဆတူရောကာ အမှုန့်ပြုပြီး နွားနို့နှင့်အမြဲမှီဝဲ သောက်သုံးပေးခြင်းဖြင့် အနာရောဂါများကင်းစင်၍ အသက်ရှည်ကာ ဆံပင်များ နက်မှောင်လာစေနိုင်ပါတယ်။

(ဃ) ကြိတ်မှန်ရွက်၊ မန်ကျီးသီး၊ ဆီးဖြူသီးတို့ကို ရောပြီး ညက်စွာကြိတ်၍ မှီဝဲစားသုံးခြင်းဖြင့် ဆံပင်ကျွတ်ခြင်းနှင့် ထိပ်ပြောင်ခြင်းတို့ သက်သာလာပြီး ဆံပင်ပြန်ပေါက်လာပါလိမ့်မယ်။

(၄) အရွက်ကို ချောင်းဆိုး၊ ခေါင်းကိုက်ရောဂါ၊ အဆစ်ရောင်ရောဂါ၊ ထိပ်ပြောင်မွေးကျွတ်ရောဂါ၊ အကြိတ်နာ၊ မီးယပ်ထိန်ခြင်းနှင့် ကာလသားရောဂါများအတွက် အသုံးပြုနိုင်သလို၊ ချွေးပေါက်ဖွင့်ဆေး၊ အနာအုံဆေးနှင့် ဖန်ဆေး (အနာသန့်စင်ဆေး) အဖြစ်လည်း အသုံးပြုနိုင်ပါတယ်။

(၅) ကြိတ်မှန်ရွက် လတ်လတ်ဆတ်ဆတ်ကို နေရိပ်ထဲမှာ အခြောက်လှန်း၍ အမှုန့်ထောင်းပါ။ ထိုအမှုန့်နှင့် နွားနို့ကို တစ်လတိတိသောက်ပေးခြင်းဖြင့် ယိုင်နဲ့နေသောသွားများလည်း ခိုင်မာလာစေပါတယ်။ တစ်နှစ်သောက်ခဲ့ပါက မျက်စိကန်းနေသောသူများလည်း အမြင်သန်နိုင်ပါတယ်။ ဆွံ့အနေသောသူများပင် စကားပြောနိုင်ပါလိမ့်မယ်။ နားပင်းသူများ အသံကြားလာပါလိမ့်မယ်။

(၆) ကြိတ်မှန်ပင် အစိုတစ်ပင်လုံးကို ညက်ညက်ကြိတ်ချေပြီး နှမ်းနက်၏အဆီ (နှမ်းနက်ဆီ) ဖြင့်ချက်ကာ ကိုယ်ရေပြားရောဂါ အနူစွဲခြင်းများကို လိမ်းပေးခြင်းဖြင့် ရောဂါပျောက်ကင်းစေပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**



## ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကျောက်တောင်ရပ်၊ နန်းမြိုင်လမ်းနှင့် စန္ဒာလမ်းထောင့်ပေါ်တွင် တည်ရှိသော အိမ်အမှတ်(၁)၊ မြေကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၁၂၀/၁၂၆)၊ မြေယာအမှတ်(၃၂/၉၉ )၊ မြေဧရိယာ(၀. ၁၀၂)ဧကရှိ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် ဦးကြည်(ကွယ်လွန်)အမည်ပေါက်၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး အမွေဆက်ခံလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ အဖဦးကြည်(ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော ဦးအောင်ခိုင်(ခ) ဦးတင်မြင့်[၉/ရဘန (နိုင်)၀၂၆၉၂၂]ပါ မောင်နှမရှစ်ဦးတို့မှပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်ဦးကိုကိုအောင်[၁၀/မလမ(နိုင်)၁၈၃၆၃၆]က မြေဧရိယာအစိတ်အပိုင်း အချို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဦးကြည်(ကွယ်လွန်) အမည်ပေါက်ဂရန်ဓာတ်ပုံ၊ မိတ္တူမှန်နှင့် အရောင်းအဝယ်ကိုရှေ့ဆက်ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ ရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ တရားဝင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုအောင်

**170/176, M.G.W Tower,** အခန်း-၄၀၅၊ ၄လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၆၅၂၁၊ ၀၉-၄၂၀၀၈၇၄၈၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၃၇)တိုက်၏ ဒုတိယ ထပ်၊ (ဝဲ+ယာ)နှစ်ခန်းဖြစ်သော တိုက်ခန်း၏ အကျိုးခံစားခွင့်များအားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးထိပ်တင်ဝင်း[၁၀/သထန(နိုင်)၀၁၂၂၅၅]ဆိုသူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ကြိုတင်စရန် ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးအောင်(၆၉၁၄)
**B.A,R.L,D.B.L,B.D.S** (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ၅ နာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
**Phone:09-73002607**

## ဦးနေစိုး[၅/ဘတလ(နိုင်)၀၅၆၁၉၈]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၃၃)တွင် ဖွင့်လှစ်ထားသော AUNG MOTOR LTDမှ ဦးနေစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၂၂)လမ်း၊ အမှတ်(၆) နေထိုင်သူ ဦးနေစိုး[၅/ဘတလ(နိုင်)၀၅၆၁၉၈]သည် AUNG MOTOR LTDနှင့် Hire Purchase စနစ်ဖြင့် ဝယ်ယူထားသည့် (SUZUKI)အမျိုးအစား၊ ချက်စီနံပါတ်(DA63T-203378) မော်တော်ယာဉ်အမှတ်(9G/9947)အား ၁၅-၅-၂၀၁၄ရက်မှစ၍ Hire-Purchaseစနစ်ဖြင့် ငှားရမ်းသုံးစွဲခဲ့သူဖြစ်ပါသည်။

ဦးနေစိုးသည် လစဉ်ပေးသွင်းရမည့်ငွေများကို ၂၂-၈-၂၀၁၄ရက်မှစ၍ မှန်ကန်စွာပေးသွင်းခြင်းမရှိခဲ့သည့်အပြင် နည်းလမ်းပေါင်းစုံဖြင့် ဆက်သွယ်သည့်တိုင် မည်သို့မျှ ဆက်သွယ်မှုမရဘဲ ဖြစ်နေပါသည်။

ထပ်မံအသိပေးကြေညာလိုသည်မှာ အခင်းဖြစ် SUZUKI(9G/9947)သည် Aung Motor Ltdက ဦးနေစိုးအား အငှားချထားခြင်းဖြစ်သဖြင့် အခင်းဖြစ်မော်တော်ယာဉ်ကို Aung Motor Ltdက ယနေ့တိုင် ပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေအပ်ပါသည်။

ဦးနေစိုးသည် မိမိငှားရမ်းအသုံးပြုထားသောအခင်းဖြစ်မော်တော်ယာဉ်ကို ပိုင်ရှင်ဖြစ်သူ Aung Motor Ltdထံသို့ ချက်ချင်းလာရောက်အပ်နှံရန် လေးလေးနက်နက် ပြင်းပြင်းထန်ထန် တောင်းဆိုလိုက်ပါသည်။

Aung Motor Ltdသည် အခင်းဖြစ်မော်တော်ယာဉ်ကို ယနေ့တိုင် ဥပဒေနှင့်အညီ ပိုင်ဆိုင်ဆဲဖြစ်သဖြင့် ယင်းမော်တော်ယာဉ်ကို သဘောရိုးဖြင့် လက်ဝယ်ရယူထားသူ(များ) မည်သူမဆို ယင်းမော်တော်ယာဉ်ကို Aung Motor Ltdသို့ ချက်ချင်းလာရောက်အပ်နှံရန် လေးလေး နက်နက် တောင်းဆိုလိုက်ပါသည်။

အကယ်၍ ဦးနေစိုးနှင့် မော်တော်ယာဉ်ကို သဘောရိုးဖြင့် လက်ဝယ်ရယူထားသူများသည်လည်း တရားဝင်လက်ဝယ်ရယူထားပိုင်ခွင့်ရှိသူများ မဟုတ်သဖြင့် ဤကြေညာချက်ပါတောင်းဆိုချက်များကို လိုက်နာဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးနေစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အောင်မော်တော်လီမိတက်**

## အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၄၀၂/က)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကြင်ထွန်းနှင့် ဒေါ်ရီရီမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ ၎င်းတို့၏သမီးဖြစ်သူ မအေးမြတ်မွန် [၁၂/သကတ(နိုင်)၁၆၆၃၄၀]ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြင်ထွန်း-ဒေါ်ရီရီမော်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမောင် **(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၃)
ဖုန်း-၀၉-၇၃၁၉၆၀၅၆၊ ၀၉-၂၅၈၁၃၇၇၅၃

## သွာနုတ္တသားသမီးအဖြစ် အမွေပြတ်ကြေညာခြင်းအား ပြန်လည်ကန့်ကွက်ကြေညာခြင်း

၁။ ၆-၆-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)ပါ ဦးကျော်စိန်[၁၂/ဗတထ(နိုင်) ၀၃၀၆၄၇]၏ သွာနုတ္တသားသမီးအဖြစ် အမွေပြတ်ကြေညာခြင်းအား ကန့်ကွက်ပါသည်။

၂။ ကျွန်ုပ်၏အမှုသည် မထည်ဝါကျော်[၁၂/ဗတထ(နိုင်)၀၃၈၂၉၂]သည် (အဖ) ဦးကျော်စိန် (အမိ) ဒေါ်နီနီတိုးတို့မှ မွေးဖွားသော သားရင်းသမီးရင်း (၃)ဦးအနက် တစ်ဦးတည်းသော သမီးဖြစ်ပါသည်။

၃။ မိခင်ဒေါ်နီနီတိုးသည် ၂-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် (၁)နှစ်ခန့်အကြာ (၂၀၁၃)ခုနှစ်၌ ဦးကျော်စိန်သည် ရဟန်းဝတ်သွားပြီး မြင်းခြံခရိုင်၊ နဘူးအိုင်တောရကျောင်းတွင် သီတင်းသုံးရာမှ (၂၀၁၄)ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆-လမ်း၊ အမှတ်-၁၅၁(၃လွှာ)သို့ ပြန်လည်ရောက်ရှိလာကာ ယနေ့ထိ ဝါဆို သံဃာစာရင်းဝင် ဝါဆိုကျောင်းဖြင့် သီတင်းသုံးခြင်းမရှိဘဲ ဉူးတိက္ခိန္ဒြိယဘွဲ့အမည် ရဟန်းဝတ်ဖြင့် နေထိုင်ခဲ့သူဖြစ်ပါသည်။

၄။ ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များသည် ရဟန်းအဖြစ်သို့ ကူးပြောင်းချိန်တွင် လူ့ဘဝ အခွင့်အရေးအရပ်ရပ်(အမွေကိစ္စအပါအဝင်)အား အာလယပြတ်စွန့်လွှတ်ခဲ့ရပြီး၊ သားသမီး မွေးစားခြင်းလည်းပြု၍မရသကဲ့သို့ ဖခင်တစ်ဦးအနေဖြင့် သားသမီးစွန့်လွှတ်၍လည်း မရသဖြင့် ရဟန်းဝတ်၊ ဉူးတိက္ခိန္ဒြိယမှ လူအမည်ဦးကျော်စိန် အမည်ခံ၍ မမှန်ကန်သော စွပ်စွဲချက်များဖြင့် သွာနုတ္တသားသမီးအဖြစ် အမွေပြတ်ကြေညာခြင်းသည် ရဟန်းဝိနည်းနှင့် မညီ၍ ကန့်ကွက်ပါကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

မထည်ဝါကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မြတ်ထွဋ် **H.G.P.,LL.B,D.A.,D.O.S.,B.D.S.,WIPO(Switz;)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၆/၈၇)
ဒေါ်စန်းစန်းတင့် **LL.B, WIPO (Switz;)**
အထက်တန်းရှေ့နေ(စဉ်-၂၆၄၁၉/၀၇)
ရုံး-တိုက်-၉/၁၁၊ (ပထမထပ်)၊ အခန်း-၁၀၄(ဒီ)၊ ၃၆-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၂၂၈၁၄၆၊ ၀၉-၂၅၀၂၈၄၇၂၂

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇C/၉၆၁၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

အဖ ဦးမြင့်စိန်[၈/နမန(နိုင်)၀၄၀၃၂၅]၊ အမိဒေါ်ထွေးခင်[၈/နမန(နိုင်)၁၄၃၅၆၃]၏ သမီးဖြစ်သူ မမိုးမိုး(ခ)မမိုသူ[၈/နမန(နိုင်)၁၄၃၄၀၂]သည် မိဘများအား အရှက်တကွဲ ဖြစ်အောင် လုပ်သွားခြင်းကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမြင့်စိန်-ဒေါ်ထွေးခင်




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## တေဒဂ်ဘွဲ့ရထက်မြက်ထူးချွန်သူများ

ဓမ္မေခဆရာတော် အရှင်ကုဝေရသာရ သာသနတက္ကသိလာ ဓမ္မာစရိယ (B.A Buddhism) ရေးသားပြုစုသည့် "တေဂ်ဘွဲ့ရ ထက်မြက်ထူးချွန်သူများ" စာအုပ်ထွက်ရှိလာသည်။ ဘုရားရှင်လက်ထက်က သာသနာ့အာဇာနည် သာသနာ့သူရဲကောင်းများအကြောင်းကို ဗုဒ္ဓဘာသာဝင် သားငယ်သမီးငယ်များ သိရှိမှတ်သားနိုင်ရန် အမေးအဖြေပုံစံဖြင့် ရေးသားဖော်ပြထားသည်။

ရင်သွေးငယ်များအတွက် ဗုဒ္ဓဘာသာသိကောင်းစရာအဖြာဖြာတွင် ဘုရားရှင်လက်ထက်က သာသနာတော်တွင် ဧတဒဂ်ဘွဲ့ရ ရဟန်းတော် ၄၁ ပါး၊ ဧတဒဂ်ဘွဲ့တံဆိပ်တော်ရ ဘိက္ခုနီမ ၁၃ ပါး၊ ဧတဒဂ်ဘွဲ့ရ တံဆိပ်တော်ရ အမျိုးသားယောကျ်ား ၁၀ ဦး၊ စုစုပေါင်း သာသနာ့အာဇာနည် ၇၄ ဦးတို့၏ ဘွဲ့အမည်နာမ၊ ထူးခြားထက်မြက်သော စွမ်းဆောင်ရည်နှင့် သာသနာအကျိုးပြုလုပ်ငန်း၊ ဆောင်ရွက်ချက်မှတ်တမ်းအကျဉ်းတို့ကို ဆေးရောင်စုံပန်းချီကားချပ်ရုပ်ပုံများဖြင့် ရေးဆွဲဖော်ပြထားသည်။

စာအုပ်ကို စာပေလောက (၅) အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၉-၂၆၀၂၄၅၂၂၄ က တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။




## ချင်း(ဂျင်း)

သမားတော်ကြီး ဦးသောင်းနိုင်(ဓမ္မာစရိယ၊ အဘိဝံသ၊ သုံးဘာသာ ဂုဏ်ထူး)က သက္ကဋနှင့် ဟင်ဒီဘာသာမှ မြန်မာပြန်ဆိုထားသော စာအုပ်ဖြစ်သည်။

ထိုစာအုပ်မှာ ဟင်ဒီစာအုပ်ဖြစ်သော်လည်း မြန်မာတို့၏ ရိုးရာတိုင်းရင်းဆေးပင်ကဲ့သို့ တောတောင်များတွင် ပေါက်ရောက်သော အသီးအပွင့်၊ အရွက်အဖူး၊ သစ်မြစ်၊ သစ်ဖုစသည့် ၎င်းတို့၏အပင်များသည် လူသားတို့၏ ကျန်းမာရေးအတွက် အကျိုးကျေးဇူးပြုကြောင်း၊ ယင်းတို့ကို မှီဝဲခြင်းဖြင့် ကျန်းမာခြင်းလာဘ်တစ်ပါးကို ရရှိမည်ဖြစ်ကြောင်း ယခု ချင်း(ဂျင်း)စာအုပ်ကို အခြေပြုပြီး အခြားသက္ကဋဆေးကျမ်းများနှင့် ဆက်စပ်ဖော်ပြထားသည်။


စာအုပ်ကို ဇေယျာစာပေ၊ အမှတ်-၈၄၅၊ သံသုမာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၀၃၁၃၁၄ မှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## မရှိမကောင်းရှိမကောင်းသည့်ကြောက်စိတ်နှင့် အခြားကျန်းမာရေးဆောင်းပါးများ

လှတိုး(စိတ်ပညာ)၏ သုတပဒေသာ စာစောင်တွင် ရေးသားခဲ့သော ဘာသာပြန်ကျန်းမာရေးဆောင်းပါးများနှင့် ပင်ကိုရေးဆောင်းပါးများကို စုစည်းဖော်ပြထားသော စာအုပ်ဖြစ်သည်။ ကျန်းမာစေဖို့ ခန္ဓာကိုယ်အလေးချိန်လျှော့ခြင်း၊ ချောမောလှပအောင် စားသောက်နည်း၊ အာရှတိုက်၏ ရောဂါဆိုး (သို့မဟုတ်) ဆီးချို၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်နည်း၊ အိပ်မက်များနှင့် အိမ်မက်ခြင်း၏ လျှို့ဝှက်ချက်၊ ကျွန်ုပ်တို့ မမြင်ရသော ကျန်းမာရေးအန္တရာယ် (သို့) လေဖြတ်ခံရခြင်း၊ တတိယအရွယ်နှင့် ကျန်းမာရေးစသည့် ဆောင်းပါးများ ပါဝင်ပြီး ကျန်းမာရေးလိုက်စားသူတိုင်း ဆောင်ထားသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ ၀၉-၇၃၂၄၃၈၅၁၊ ၀၉-၅၁၇၉၃၉၈ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## ပျော်ပျော်ရွှင်ရွှင်ဉာဏ်စမ်းပညာ

ဆရာဘိုကြီးရေးသားသော ပျော်ပျော်ရွှင်ရွှင်ဉာဏ်စမ်းပညာစာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် ဉာဏ်စမ်းပုစ္ဆာ များကို အဖြေများနှင့်တကွ ဖော်ပြထားသည်။ ကလေးငယ်များအတွက် စိတ်အပန်းဖြေမှုအတွက် သော်လည်းကောင်း၊ ဦးနှောက်ကို လန်းဆန်းစေဖို့ စိတ်ဓာတ်ခွန်အားတွေကို လေ့ကျင့်ဖို့အတွက် အထောက်အကူပြု စာအုပ်တစ်အုပ်ဖြစ်သည်။ Mind Bending IQ Puzzles များကို အဓိကထား၍ Level (၁၀) ခန်းပါဝင်သည်။ အတွေးအခေါ်ကောင်းပြီး ဉာဏ်ရည်ထက်မြက်လိုသော ကျောင်းသားလူငယ်များအတွက် လက်ဆောင်ပေးသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၄၅)၊ မြေညီထပ် ထပ်ခိုးပါ ပေ(၁၂½×၄၀) တောင်ဘက်ခြမ်းတိုက်ခန်း၏ အကျိုးခံစားခွင့်များကို ပိုင်ရှင်ဖြစ်သူ ဦးကျော်မောင် [၁၂/လမန(နိုင်)၁၁၈၉၂၃]ဆိုသူထံမှ ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေက တိုက်ခန်းတန်ဖိုး ငွေပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ကျွန်တော့်ထံ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးအောင်(စဉ်-၆၉၁၄) B.A,R.L,D.B.L, B.D.S
(တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ၄ဝါလမ်း၊ ၅နာရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၃၀၀၂၆၀၇

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ဗညာဒလလမ်း၊ အမှတ်-(၁၂၈)၊ ၇-လွှာတွင် ငှားရမ်းနေထိုင်သော ကျွန်တော် ဦးရာဇာလင်း[၁၂/မဂတ(နိုင်) ၀၇၈၆၆၉]၏ ဇနီးဖြစ်သူနဂျမား(ခ)မရတနာမြင့်ဆွေ [၁၂/ခအဇ(နိုင်)၀၁၈၁၅၄]သည် ကျွန်တော်နှင့် ပေါင်းသင်း နေထိုင်စဉ် ကျွန်တော်၏ ခွင့်ပြုချက်မရဘဲ မိမိသဘောအလျောက် နေအိမ်မှ အကြိမ်ကြိမ် ဆင်းသွားခဲ့ပြီး ကျွန်တော်၏ ဂုဏ်သိက္ခာညှိုးနွမ်း၊ စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ၆-၆-၂၀၁၅ ရက်တွင်လည်း သမီးငယ် ဆာဒယား(ခ) ရွှန်းလဲ့ရတနာလင်း (အသက် ၁ နှစ် ၃ လ)ကို ခေါ်ဆောင်ပြီး ကျွန်တော်နှင့်အတူ ပေါင်းသင်းနေထိုင်သည့်နေအိမ်မှ ကျွန်တော်မရှိခိုက် မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် နဂျမား(ခ)မရတနာမြင့်ဆွေနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရာဇာလင်း [၁၂/မဂတ(နိုင်)၀၇၈၆၆၉]

### အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅)၊ မြေကွက်အမှတ် ၃(ခ)၊ ၃ (ဃ)၊ ၃(င)၊ ၃(စ) ဒေါ်နုစံ အမည်ပေါက် ဘိုးဘွားပိုင်မြေအားသားဖြစ်သူ (MS ဆီဒတ်(ခ) ဦးမောင်စိန်-ဒေါ်တင်အေး)၏သမီး ဒေါ်ခင်လှိုင်(ခ) ဒေါ်ခင်လှ (CD-025272) မှ အမွေဆိုင်ဖြစ်သည့်အားလျော်စွာ ပဏာမအနိုင်ဒီကရီရရှိပြီးနောက် ရန်ကုန်တိုင်းအနောက်ပိုင်း ခရိုင်တရားမကြီးမှုအမှတ် (၂၆၁/၂၀၁၁)ကို အပြီးသတ်ဒီကရီ စောင့်ဆိုင်းဆဲကာလတွင် ဤအမွေ ဆိုင်မြေအား လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ထိုသူများ၏ တာဝန်သာဖြစ်ကြောင်း ဤအမွေဆိုင်မြေနှင့် ပတ်သက်၍ ကျွန်မအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိ ပါကြောင်း အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

ဒေါ်ခင်လှိုင်(ခ) ဒေါ်ခင်လှ
အမှတ်(၈၃၀)၊ ရန်ပြေ(၂)လမ်း၊
(၂/တောင်)၊ သာကေတ။

### ဗွီအီး မြန်မာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် ( VE Myanmar Public Co., Ltd. ) ဖွဲ့စည်းထားပြီးဖြစ်ကြောင်းပြည်သူသို့တင်ပြခြင်း

ဗွီအီး မြန်မာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် ( **VE Myanmar Public Co., Ltd.**)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ်- ၂၂၈၀/၂၀၁၄-၂၀၁၅ ရက်စွဲ ( ၆-၈-၂၀၁၄ )ဖြင့် **VE Myanmar Public Co., Ltd.**အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

ဗွီအီး မြန်မာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်သည် အောက်ဖော်ပြပါလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီလုပ်ကိုင်ဆောင်ရွက်ပြီး၊ ပြည်သူများဖွံ့ဖြိုးတိုးတက်ပြီး၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရန်နှင့် ကုမ္ပဏီ၏အစုရှယ်ယာရှင်များအကျိုးအမြတ်ရရှိရန်ရည်ရွယ်၍ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်း တည်ထောင်ထားခြင်းဖြစ်ပါသည်။

၁။ ဆေးဝါးနှင့်ဆေးဝါးနှင့်သက်ဆိုင်သောပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဈေးကွက် ရှာဖွေခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ။

၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ။

၃။ စားသောက်ကုန်ပစ္စည်းများ၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဈေးကွက် ရှာဖွေခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ။

၄။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း။

၅။ ဟိုတယ်နှင့်အခန်းတွဲများ၊ ( **Apartment Building** ) ဆောက်လုပ်၊ ငှားရမ်း၊ ရောင်းချခြင်း လုပ်ငန်းများ။

ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် အစုရှယ်ယာနှင့်သက်ဆိုင်သောအသေးစိတ်အကြောင်းအရာများကို တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် ( **Certificate for Commencement of Business** )ရရှိပြီးနောက် ဆက်လက်အသိပေးကြော်ငြာသွားမည် ဖြစ်ပါသည်။

**ဗွီအီး မြန်မာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်**
**VE Myanmar Public Co., Ltd.**
အမှတ်-(၆၀)၊ စဉ့်အိုးတန်းလမ်း၊ (၃)-ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**Ph: +95-1-241292, 245112, 245113, 372264, 243551**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ငြိမ်းမောင် အူမြူးနေပုံရသည်။ သူမြူးခြင်းသည် ကျွန်တော့်ဆီကိုပါ ကူးစက်လာသောကြောင့် ဘာမှန်းမသိရဘဲ ရယ်ရင်း သူနှင့်အတူ အိမ်တွင်းသို့ ဝင်ခဲ့ကြ၏။ ထိုင်မိလျှင် ထိုင်မိကြချင်း ကျွန်တော်က "ကဲ . . . ဆို" ဟုမေးသည်။

ငြိမ်းမောင်သည် မျက်နှာကို တည်ပစ်လိုက်သည်။ အရေးကြီးသောစကားကို စဉ်းစားနေဟန် ခေတ္တနေပြီးမှ ပြန်မေး၏။

"ဒီမှာ မောင် . . . လောကကြီးမှာ ပျော်စရာအကောင်းဆုံး နေ့တွေဟာ ဘယ်နေ့တွေလဲ . . ."

"နေပါဦး . . . သုံးနေ့လား . . . လေးနေ့လား . . . ငါ မြန်မာစာ ဥပစာတန်းမှာ ကျန်ရစ်ခဲ့ပြီ။ ဘာတဲ့ . . . အဲ . . . ရှင်လိင်ပြန်တဲ့နေ့ရယ်၊ မိန်းမရတဲ့နေ့ရယ် . . .၊ ပြီးတော့ . . . အေးကွာ . . . ငါ မမှတ်မိတော့ဘူး . . ."

"ထားပါတော့ . . . ငါလည်း မမှတ်မိတော့ဘူး။ ဒါပေမယ့် . . . တပ်မတော်သားတစ်ယောက်အနေနဲ့ နေ့တစ်နေ့ တိုးချင်တယ်။ အပျော်ဆုံးနေ့တစ်နေ့ဟာ စစ်ပွဲကြီး တစ်ပွဲကို အောင်မြင်အပြီးသတ်တဲ့နေ့ပဲ။ ဘယ့်နှယ်လဲ"

ငြိမ်းမောင်စကားကြောင့် ကျွန်တော် ရုတ်ချည်း သတိရမိသည်။

"ဘာလဲ . . . မင်းတို့ 'ရန်ကြီးအောင်' စစ်ဆင်ရေးကြီး ပြီးသွားပြီလား . . ."

"ဟုတ်တယ် . . . ပြီးသွားပြီ . . .။ နေဦး . . . ဒါလောက်နဲ့ ငါ ဒီလောက် ဝမ်းသာနေတာ မဟုတ်ဘူး။

အခု သူတို့ဟာ တို့မြန်မာ့မြေထဲမှာ တစ်ကောင်မှ မကျန်တော့ဘူး။ မဲခေါင်မြစ် တစ်ဖက်ကမ်းကို ပြေးကြရပြီ။ အခွင့်ရတဲ့တစ်နေ့မှာ ဝင်နှောင့်ချင် နှောင့်ဦးမှာပေါ့ . . .။ ဒါပေမယ့် အလုံးအရင်းနဲ့တော့ ဝင်မစော်ကားနိုင် တော့ဘူး။ အဲဒါလောက်ကိုလည်း ငါက အထူးဝမ်းသာစရာ အဖြစ်နဲ့ ပြောနေတာ မဟုတ်ဘူး။ ငါ ဝမ်းသာတာက ဒီ အောင်ပွဲကြီးရဲ့ အရှည်တည်မဲ့ အနက်အဓိပ္ပာယ်အတွက်ပဲ"

ငြိမ်းမောင်၏ အသံသည် လေးနက်လာသကဲ့သို့ မျက်နှာမှာလည်း ခန့်ညားလာသည်။

"အဲဒီ အနက်အဓိပ္ပါယ်ဟာ ဘာလဲ။ တို့ပြည်ဟာ သေးသေးလေးပဲ။ တို့လူဦးရေဟာ နည်းနည်းလေးပဲ။ တို့ရဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကျောထောက်နောက်ခံအင်အားဟာ ဘာမှ မရှိသေးဘူး။ ဒါပေမယ့် တို့ဟာ တို့လွတ်လပ်ရေးကို ထိန်းသိမ်းရမယ်ဆိုတဲ့ အသိဉာဏ်ရှိသလို၊ ထိန်းသိမ်းရဲတဲ့ သတ္တိလည်းရှိပြီး၊ ထိန်းသိမ်းတတ်တဲ့ အစွမ်းလည်းရှိတယ်။ ဒါကို ကမ္ဘာက သိသွားတယ်။ နောင်ကို ဘယ်သူပဲဖြစ်ဖြစ် တို့ပြည်ကို ကျူးကျော်ချင်တဲ့လူဟာ အင်္ဂလိပ်ဆိုရိုးစကားအတိုင်းပဲ မကျူးကျော်ခင် နှစ်ကြိမ်စဉ်းစားရတော့မယ် . . ."

ကျွန်တော်သည် ငြိမ်းမောင် ဆိုလိုသော အနက်အဓိပ္ပာယ်ကိုကောင်းစွာ သဘောပေါက်သဖြင့် ငြိမ်းမောင်၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း လှိုက်လှိုက်လှဲလှဲ ပြန်ဆိုမိ၏။

"မှန်တယ် သူငယ်ချင်း။ သူတို့ နှစ်ကြိမ် စဉ်းစားရတော့မယ် . . .။ အဲဒီဂုဏ်သိက္ခာကို နိုင်ငံအတွက်ပေးတဲ့ မင်း အပါအဝင် ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးကို ပြည်သူတစ်ယောက်အနေနဲ့ ကျေးဇူးတင်တယ် . . ."

ငြိမ်းမောင်၏ တည်ကြည်သောမျက်နှာသည် ပြုံးရွှင်ကြည်လင်လာ၏။ ထို့နောက် . . . အေးချမ်းစွာ ဆိုသည်။

"ပြီးတော့ . . . ငါလည်း ရာထူးတက်ခဲ့ပြီ သူငယ်ချင်း။ အဲ . . . မှော်ဘီကိုတော့ ခဏပြောင်းရမယ်"

ဝမ်းသာစရာစကားများကို ဆက်တိုက်ကြားနေရသောကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်းမသိ။ ထို့နောက်မှ သတိရကာ မေးမိ၏။

"နေဦး . . . စောစောက မင်း . . . ငါနဲ့ တိုင်ပင်စရာရှိတယ်လို့ ပြောတယ်။ အဲဒါ ဘာလဲ . . ."

"ဒါက အေးအေးဆေးဆေး ပြောမှဖြစ်မယ်။ သွားကွာ၊ မင်း အဝတ်အစားလဲ၊ တို့ညစာကောင်းကောင်း ထွက်စားကြရအောင်"

ကျွန်တော်သည် ငြိမ်းမောင်၏ စကားကို နာခံလျက် ဆရာဝန်ဝတ်စုံကို ချွတ်ကာ ရေချိုးသည်။ ရေကိုသွက်သွက်ချိုးသော်လည်း ပျော်ပါးရွှင်မြူးသောစိတ်နှင့် သီချင်းတကြော်ကြော် ဆိုမိသည်။ အဝတ်အစားလဲပြီး ငြိမ်းမောင်နှင့်အတူ ကားဖြင့် မြို့တွင်းသို့ ထွက်ခဲ့ကြသည်။

ကျွန်တော်တို့ နှစ်ဦးစလုံး အရက်သေစာမသောက်စားတတ်ကြ။ အခြားထွေလာကေလာများကိုလည်း နားမလည်ကြ။ ကျွန်တော်တို့သည် အစားအသောက်ကောင်းကောင်းကို ကြိုက်သည်။ အထူးသဖြင့် တရုတ် ဟင်းမယ်ကောင်းကောင်းများကို ကြိုက်သည်။ ရုပ်ရှင်ကောင်းကောင်းကြည့်ရန် ဝါသနာပါကြသည်။

ထိုညနေကမူ နှစ်ဦးစလုံး ရုပ်ရှင်ကြည့်လိုစိတ် မရှိကြ။ ထို့ကြောင့် အေးချမ်းသန့်ရှင်း၍ တရုတ်စာ ကောင်းကောင်း ရသော ရှစ်မိုင်ရှိ ဟိုတယ်တစ်ခုဆီ ထွက်ခဲ့ကြသည်။

ငါးမန်းတောင်ပင်ဟင်းချို၊ ပင်လယ်ကဏန်းပေါင်း၊ ခရုခေါက်ဆွဲစသော ကြိုက်ရာအစာများကို မြိန်ယှက်စွာ စားသောက်ကြသည်။ ရေခဲခတ် ပေးထားသော သစ်သီးစုံအဖျော်ယမကာတို့နှင့် ဗိုက်ပြည့်အောင်ဖြည့်ပြီး မြို့တွင်း ပြန်လာကြသည်။ သိမ်ကြီးဈေးထိပ်ရှိ သစ်သီးတန်း၌ သစ်တော်သီး၊ ပန်းသီးနှင့် စပျစ်သီးများ ဝင်ဝယ်ကြသည်။

ကျွန်တော့်အခန်းသို့ ပြန်ရောက်ချိန်၌ ညကိုးနာရီထိုးပေပြီ။ အဝတ်အစားလဲပြီး သစ်သီးစားရင်း စကားဆက်ကြ၏။

"မင်း ငါနဲ့ တိုင်ပင်မယ်ဆိုတာ . . . ဘာကိစ္စလဲ"

ငြိမ်းမောင်က ပန်းသီးကို ခွဲစိတ်လျက်ရှိရာမှ ရပ်သွားသည်။ ဘာမျှပြန်မဖြေဘဲ ပန်းသီးကိုသာ ဆက်လက်ခွဲစိတ်သည်။ အတန်လေးကြာမှ အသည်းခြမ်း ပုံသဏ္ဌာန်ရှိသော ပန်းသီးစိတ်ကို စိုက်ကြည့်ရင်းလေးလေးဖြေသည်။

"ခိုင့်ကို ငါ ဖွင့်ပြောတော့မယ်လို့ စိတ်ကူးတယ်"

ဘာပြန်ဖြေရမှန်း မသိသော ကျွန်တော် ငိုင်ကျသွားမိ၏။

ငြိမ်းမောင်က ကျွန်တော့်ဘက် လှည့်လိုက်ပြီး ဆိုပြီးသော စကားကို ထပ်ရေရွတ်သည်။

"ခိုင့်ကို ငါ ဖွင့်ပြောတော့မယ်လို့စိတ်ကူးတယ်။ ဒါပေမယ့် ဘယ်လို ဖွင့်ပြောရမှန်း မသိဘူး။ အဲဒါ . . . မင်းနဲ့ ငါ တိုင်ပင်ချင်လို့ပဲ"

"ပြောချင်တာ . . . ပြောဖို့ဟာများ ခက်နေရသလား ငြိမ်းမောင်။ ပြောချလိုက်ရောပေါ့ . . ."

ငြိမ်းမောင်က ကျွန်တော့်မျက်လုံးများကို စူးစိုက်ကြည့်ပြီး မေးသည်။

"ပြောချင်တာ ပြောချလိုက်ဖို့ ရိုးရိုးစကားလို လွယ်တာမှ မဟုတ်ဘဲ။ ကောင်းပြီ၊ လွယ်တယ်ဆိုရင် မင်းကို ငါမေးမယ်။ မင်း . . . ဟို . . . အဲ . . . ရည်းစားစကား ဘယ်နှစ်ခါပြောဖူးလို့လဲ"

ငြိမ်းမောင်၏ စကားက ကျွန်တော့်ပျော့ကွက်ကို တိုက်ရိုက်ဝင်မှန်သည်။ ကျွန်တော်သည် မိန်းကလေးများကို ကြောက်သူမဟုတ်။ သူတို့၌ ကြောက်စရာလည်း မမြင်မိ။ သို့ရာတွင် ရည်းစားစကား မည်ကဲ့သို့ ပြောရမည်ကို လေးလေးနက်နက် တစ်ခါမျှ မစဉ်းစားမိဖူးပေ။ အဖြေမပေးနိုင်သော ကျွန်တော့်ကို ကြည့်၍ ငြိမ်းမောင်သည် သနားဖွယ်ဆို၏။

"မင်းဟာ . . . ငါ့ထက် သတ္တိကောင်းတယ်။ ဒါတောင် ရည်းစားစကား ဘယ်လိုပြောရမယ်ဆိုတာ မင်းမဖြေတတ်ဘူးမဟုတ်လား။ သာမန်ကောင်မလေးတစ်ယောက်ကိုတောင် ကြိုက်တယ်လို့ ပြောဖို့က ဘယ်လောက်ခက်ခဲသလဲ . . .။ မင်း . . . စဉ်းစားကြည့်စမ်း၊ ပြီးတော့ . . . ကိုယ်ကြိုက်နေတဲ့ ကောင်မလေးကလည်း ကိုယ်တစ်သက်လုံး သူငယ်ချင်းအဖြစ် ပေါင်းလာခဲ့သူ။ သူငယ်ချင်းမကို ရည်းစားစကား ဘယ်လိုလုပ် ပြောရမလဲ။ ပြီးတော့ . . . အဲ . . . မင်းသိသားပဲ၊ ခိုင့်ကို ငါကြောက်တယ် . . .။ မိခိုင်က ငယ်ငယ်တည်းက ငါ့ကို နိုင်ခဲ့တာမဟုတ်လား . . ."

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


MIYAKO CLINIC (ဂျပန်)
(ဂျပန်အကြောပြင်ဆိုင်အတွက်)အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်
အတွေ့အကြုံရှိသူ ဝန်ထမ်းလစာ(၁)သိန်းမှစ၍ပေးမည်။ (နေ့၊ စား၊ ငြိမ်း)
ရိုးသားကြိုးစားမှုရှိသူအား လစာကောင်းကောင်းပေးမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၃၇၈၉၈၄၅၊ ၀၉-၂၅၄၃၉၅၆၅၈၊ ၀၉-၉၇၄၆၉၄၂၈၅
ဘိုကလေးဈေးမှတ်တိုင်အနီး(ကုန်သည်လမ်း)

**ဖခင် အမည်မှန်** အထက၊ သုဝဏ္ဏ ဒသမတန်း(G)မှ မရင်ရင်၏ ဖခင်အမည်မှန်မှာ ဦးဆမ်လှိုင်း[၁၃/သနန(နိုင်)၀၂၂၈၄၄]ဖြစ်ပါသည်။ ဦးဆမ်လှိုင်း

## ဒေါ်လှလှအုန်းအား အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ ရုပ်သိမ်းကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်လှလှအုန်း[၁၂/ဥကမ(နိုင်)၀၃၀၆၄၇] ရန်ကုန်မြို့အား ဦးခင်မောင်ညွန့်မှ လွှဲအပ်ထားသော(အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၂၉၅/၂၀၁၄)အား ရုပ်သိမ်းပြီးဖြစ်ကြောင်း ၁၃-၄-၂၀၁၅ ရက်ထုတ်ကြေးမုံသတင်းစာ၌ ကြော်ငြာပြီးဖြစ်ကြောင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌လည်းကောင်း ဖျက်သိမ်းပြီးဖြစ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။

တိုက်(၃)၊ အခန်း(၁)၊ လှိုင်မြင့်မိုရ်အိမ်ရာနှင့် ကင်မွန်းခြံကန်လမ်း၊ လှိုင်မြို့နယ်ရှိ ခြံအမှတ်(၂၀)၊ မြေကွက်အမှတ်(၁၉/ဃ-၄)အား တရားဝင်ဥပဒေအရပိုင်ဆိုင်မှုသည် ပိုင်ရှင်ဦးခင်မောင်ညွန့်၏ လက်ဝယ်တွင်ရှိနေပါသည်။

သို့ဖြစ်၍ အထက်ပါတိုက်(၃)၊ အခန်း(၁)နှင့် ခြံအမှတ်(၂၀)တို့အား တရားမဝင်၊ မမှန်မကန်၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ဦးခင်မောင်ညွန့်၏ ညွှန်ကြားချက်အရ-

ဒေါ်မာမာဝေ
[၁၂/လမန(နိုင်)၀၆၃၀၉၃]
အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၄၂၇

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှလွှဲအပ်ညွှန်ကြားချက်အရ အောက်ဇယားဝင်ပစ္စည်းများနှင့် ပတ်သက်၍ အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဇယားဝင်ပစ္စည်းစာရင်း**

(၁) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်-၁၃၉၃/နောင်ကွမ်ကွင်း၊ ဦးပိုင်အမှတ်-၄၀၊ မြေအမျိုးအစား-ဥယျာဉ်၊ ဧရိယာ(၁၀. ၇၆)ဧက၊ (ဒေါ်ငွေငွေမွန်အမည်ပေါက်)

(၂) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်- ၃၉၃/နောင်ကွမ်ကွင်း၊ ဦးပိုင်အမှတ်-၁၁၊ မြေအမျိုးအစားလယ်၊ ဧရိယာ(၆. ၉၇) ဧက(ဦးကျော်ဝင်းအမည်ပေါက်)

(၃) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်-၁၃၉၃/နောင်ကွမ်ကွင်း၊ ဦးပိုင်အမှတ်၁၂၊ မြေအမျိုးအစားလယ်၊ ဧရိယာ(၁. ၈၃)ဧက (ဦးကျော်ဝင်းအမည်ပေါက်)

(၄) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနက်ကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၁၃၉၃/နောင်ကွမ်ကွင်းတွင်ရှိ ဒေါ်ငွေငွေမွန် အမည်ပေါက်လယ်ယာမြေ(၁၀) ဧကစာ (Slip)၊ အထက်ပါလယ်ယာမြေကွက်များနှင့် တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

အထက်ပါဇယားဝင်ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာလျှင် လက်ရှိထားပိုင်ဆိုင်၍ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း လွတ်လပ်စွာစီမံ ခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ငွေငွေမွန်[၁၂/ဥကမ(နိုင်)၁၂၇၈၃၄]မှ ရောင်းချရန် ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူပါ၍ ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို ဒေါ်ငွေငွေမွန်သို့ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဇယားဝင်ပစ္စည်း များနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တရားဝင်တိကျခိုင်လုံသော ပိုင်ဆိုင်မှုမူရင်း စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဝင်းစိန် | ဒေါ်အိမွန်ခိုင် |
| **B.A(Law), LL.B,D.B,L.D.M.L** | **LL.B,D.B.L,D.L (101)IP LAW** |
| | **(WIPO, SWITZERLAND)** |

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၉/၁၁၊ အခန်း(၃၀၆)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အမြန်ရောင်းမည်

အလှပြင်ဆိုင်နှင့် SPA ဆိုင်သုံး ပစ္စည်းများ အထူးလျှော့ဈေးဖြင့် အမြန်ရောင်းလိုပါသည်။ ဆိုင်သစ် ဖွင့်မည့်သူများအတွက် အထူးသင့်လျော်ပါသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၃၄၉၄၊ ၀၉-၅၀၁၅၅၀၆

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-9E-9471၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ၂၇-၅-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၇)ပါ ဒေါ်ပုလဲသန်း[၁၂/လမန(နိုင်)၀၆၄၃၃၈] (ဘ)ဦးခင်မောင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးမေအောင် (စဉ်-၇၇၄၉)၏ ကြေညာချက်နှင့် ပတ်သက်၍ တုံ့ပြန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ အမှတ်-၁၈/က၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဒေါ်ကြည်ပြာအေး(F/RGN-၀၁၉၁၃၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဒေါ်ပုလဲသန်းတို့သည် ခြံချင်းကပ်လျက် နေထိုင်ခဲ့သည်မှာမှန်သော်လည်း (၂-၈-၂၀၀၆)ရက်တွင် ငွေကျပ်-၇၉၀၀၀၀၀/-(ကျပ်ခုနစ်ဆယ့်ကိုးသိန်းတိတိ)ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ ချေးယူခဲ့ခြင်းမရှိဘဲ၊ ချေးယူခဲ့ပါသည်ဟု မဟုတ်မမှန်ဖော်ပြကြေညာခဲ့သည့် အပြင် လူမှုကွန်ရက်စာမျက်နှာ Facebook တွင်လည်း အဆိုပါကြော်ငြာစာတ်ပုံအားဖော်ပြ ခဲ့သောကြောင့် ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာများစွာထိခိုက်နစ်နာရပါသည်။

ထို့ကြောင့် မဟုတ်မမှန်ဖော်ပြထားသော ဒေါ်ပုလဲသန်း၏ သတင်းစာကြေညာချက်နှင့် Facebook စာမျက်နှာတွင် ဖော်ပြထားခြင်းတို့အား ဤကြော်ငြာပါရှိသည့်နေ့မှ(၁၀)ရက်အတွင်း ပြန်လည်ရုပ်သိမ်း၍ ကျွန်ုပ်တို့၏ မိတ်ဆွေကိုပြန်လည်တောင်းပန်ခြင်းပြုလုပ်ပေးရမည် ဖြစ်ကြောင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောဆန္ဒနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်ကြည်ပြာအေး | ဦးထင်လင်းအောင် | ဦးဝင်းဗိုလ်ထွန်း |
| **(F/RGN**-၀၁၉၁၃၁) | (စဉ်-၂၇၆၉၄) | (စဉ်-၃၂၅၅၂) |

(အထက်တန်းရှေ့နေများ)
အမှတ်-၉/၁၁၊ အခန်း(၁၀၃-**C**)၊ ၃၆လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# မိုးရွာသွန်းမှုမရှိသော်လည်း ယာခင်းများ ဆက်လက်လုပ်ကိုင်



**မကွေး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အရှေ့ဘက်တွင် မေ ၂၁ ရက်က တောင်သူများ မိုးဦးကျကြဲရန် မိုးများ သည်းသည်းမည်းမည်းရွာသွန်းခဲ့ပြီး နောက် ၂၃ ရက်ကြာသည့်တိုင် မိုးရွာသွန်းမှုမရှိသော်လည်း တောင်သူများ ယာခင်းများနှင့်ပတ်သက်သည့် လုပ်ရမည့်တာဝန်များကို ပြီးစီးအောင်လုပ်နေကြကြောင်း သိရသည်။

မကွေးမြို့အရှေ့ဘက်ကျေးရွာများသည် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုးသည်ဖြစ်၍ ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲတို့ကို စိုက်ပျိုးထားရာ မိုးရွာသွန်းမှုမရှိသော်လည်း ယာခင်းအတွင်း ကြိုတင်ပြင်ဆင်ထားသည့်အနေဖြင့် နွားရှင်းနှင့်ပတ်သက်သည့် ဖွင့်ထည်ရေး၊ မှုန်းထည်ရေး၊ အူကြောင်းဖောက်ခြင်း၊ ပေါင်းနှုတ်ခြင်း၊ မိုးရွာသွန်းလျှင် နှမ်းပင်များ၊ မြေပဲပင်များကို အားဖြည့်ရန်အတွက် ဓာတ်မြေဩဇာများကို အရန်သင့်ဝယ်ယူထားကြကြောင်း သိရသည်။

"တစ်ဇကကုန်ကျစရိတ်များမှာ နွားရှင်းတစ်မနက်ကို ကျပ် ၆၀၀၀၊ သုံးမနက်စာကို ကျပ် ၁၈၀၀၀၊ ပေါင်းနှုတ်ခကျပ် ၂၅၀၀၀ ခန့်၊ ဓာတ်မြေဩဇာအတွက် ပုလဲအိတ်ဝက်စာ ကျပ် ၁၁၀၀၀၊ မြေဆီအညိုတစ်အိတ်ကို ကျပ် ၄၀၀၀၀ စုစုပေါင်း ကျပ် ၈၀၀၀၀ လောက်နဲ့ နှမ်းချိုးနဲ့ဆို ကျပ် ၁၀၀၀၀၀ လောက် အရင်းသွင်းရတယ်။ မြေပဲချိုးနဲ့ဆို ပိုပြီးအရင်းကြီးတယ်။ တောင်သူတော်တော်များ ကျပ် ၂၀၀၀၀၀ဖိုးလောက် အရင်းသွင်းပြီးကြပါပြီ" ဟု မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

"နှစ်စဉ်မိုးဦးကျ နှမ်းများ၊ မြေပဲများ ကြဲရန်အတွက် သဲသဲမဲမဲ တစ်မိုးရွာသွန်းပြီး နောက်ပိုင်းမှာ မိုးရွာသွန်းမှု တဖြည်းဖြည်းလျော့နည်းသွားတတ်ပါတယ် "ဟု ၎င်းကဆက်လက်ပြောသည်။

ယင်းဒေသတွင် နှစ်စဉ် သီးနှံများကို မရိတ်သိမ်းရလောက်အောင်မရှိခဲ့ပဲ မိုးအနည်းအများပေါ်မူတည်ပြီး သီးနှံများထွက်ရှိကာ ယခု နှမ်းပင်၊ မြေပဲပင်များ၏အခြေအနေသည် ကောင်းမွန်နေသေးကြောင်း ဒေသခံတောင်သူတစ်ဦးကပြောသည်။

"သေဖို့တော့မရှိသေးပါဘူး။ ရက်အားဖြင့် တစ်လလောက် ခံနိုင်ရည်ရှိပါသေးတယ်။ တောင်သူတွေ မိုးလေဝသတွက်နည်းဆို နယုန်လကွယ်ရက်ဝါဆိုလဆန်း ၁ ရက်၊ ၂ ရက်၊ ၃ ရက်တွေမှာ မိုးရွာသွန်းမယ်ထင်တယ်"ဟု ဆားတိုင်ကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မကွေးမြို့အရှေ့ဘက်တွင်ရှိသော ယာခင်းများ၏မြေအနေအထား၊ ရာသီဥတု၊ မိုးလေဝသတို့ကြောင့် ကြသည့် နှမ်းမျိုး၊ မြေပဲမျိုးများမှာ ဒေသအခေါ်အရ စမ့်နက်၊ စက်လှည့်နှမ်းမျိုးတို့ဖြစ်ပြီး မြေပဲမှာ အဖြူ အနီ နှစ်မျိုးလုံးကြကြသည်။

ယင်းသို့ မိုးရေလိုမှုနှင့် ရင်ဆိုင်နေရသော ကျေးရွာများမှ နွားကူး၊ သန်းတောကုန်း၊ ဆားတိုင်ကန်၊ မကြီးဆန်၊ ပုဆိုးစမ်းပုထိုး၊ သပြေစမ်း စသောကျေးရွာများဖြစ်သည်။ **ဓာဇာ(မကွေး)**

## မန်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ပညာသင်စရိတ် ထောက်ပံ့

**မန္တလေး ဇွန် ၁၅**

မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဝန်ထမ်းများ၏သားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယနေ့ပညာသင်စရိတ်ထောက်ပံ့ပေးအပ်မှုတွင် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့အား ငွေနှင့် စာရေးကိရိယာ၊ ထီး၊ အသုံးအဆောင် တန်ဖိုးစုစုပေါင်းကျပ် ၇ သိန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်မင်းသော်**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပန်းတောင်းမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာ၊ တဲကုန်းကျေးရွာနှင့် သောက်သုံးရေ ရှားပါးလျက်ရှိသော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ ဇွန် ၁၀ နံနက်ပိုင်းက သပြေကုန်းကျေးရွာ၌ ဒုတိယဦးစီးမှူးဒေါ်အေးအေးမာနှင့် ဝန်ထမ်းများမှ သောက်သုံးရေများ ဖြန့်ဝေပေးနေစဉ်။ **ဇော်မင်းအောင်(၁၀၇)**

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ချောင်းဦး ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သဘာပတိဦးစံကြူးက အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်း ဒုတပ်ကြပ် ထွန်းရွှေ(ငြိမ်း) အား ပံ့ပိုးငွေ ကျပ်၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာကြသော စစ်မှုထမ်းဟောင်းများအား တစ်ဦးလျှင်ငွေ ကျပ် ၁၀၀၀၀ ပေးအပ်ခဲ့ကြောင်းသိရသည်။

တက်ရောက်လာသည့် စစ်မှုထမ်းဟောင်း ဦးထွန်းရွှေ (ငြိမ်း)က ချောင်းဦးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ပေးသည့်အတွက် စစ်မှုထမ်းဟောင်းများနှင့် တရင်းတနှီးတွေ့ဆုံရတာ အလွန်ပင်ဝမ်းသာပျော်ရွှင်ကြောင်း၊ နောင်နှစ်များတွင်လည်း နှစ်ပတ်လည်အစည်းအဝေးများကို တစ်နှစ်တစ်ကြိမ်ကျင်းပပေးသွားစေလိုကြောင်း ယင်းအစည်းအဝေးတွင်ထည့်သွင်း ပြောကြားခဲ့သည်။ **ချောင်းဦး(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မြစ်ကြီးနား ဇွန် ၁၅**

မူးယစ်ဆေးဝါးဆိုးကျိုးများ အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့နယ် အေးမြသာယာရပ်ကွက် အ. မ. က မူလွန်ကျောင်းတွင် ကျင်းပခဲ့သည်။ ရှေ့ဦးစွာ မြစ်ကြီးနားမူးယစ်(အထူး) တပ်ဖွဲ့စု(၂)မှ ရဲအုပ်ခင်မောင်ဆွေမင်းက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ ဦးစီးအရာရှိ ဦးတင်အောင်မျိုးက ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ပြောကြားခဲ့သည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိတ်ဖက်ဌာနများပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစီမံချက် (ယင်းမာ) ကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ **စိန်ဝင်း(ပြန်/ဆက်)**

## ကျောင်းအုပ်ကြီးတစ်ဦးအလိုရှိသည်

- အသက် ၄၀ မှ ၆၅ နှစ်အတွင်းရှိသူ
- ပြည်ပမှ Master/PhD ဘွဲ့တစ်ခုခုရရှိသူ
- သင်ကြားရေးအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်၊ ပညာရေးကဏ္ဍတွင် အနည်းဆုံး(၅)နှစ် အတွေ့အကြုံရှိသူဖြစ်ရမည်။

**ထမ်းဆောင်ရမည့်တာဝန်များ**

- သင်ကြားမည့်ဌာနအလိုက် ဆရာ/နည်းပြများကို လေ့ကျင့်ပျိုးထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ဦးဆောင်လမ်းပြနိုင်ရမည်။
- အချိန်ဇယား၊ သင်ရိုးဇယားများကို BTEC (UK) လမ်းညွှန်အတိုင်း လိုအပ်သလို ထိန်းညှိပြုပြင်ပေးနိုင်ရမည်။
- ကျောင်းသားရေးရာအဖွဲ့ကို လမ်းညွှန်ဦးဆောင်နိုင်ရမည်။
- ကျောင်းသားဗဟိုပြု အကောင်အထည်ဖော်ရန်၊ တီထွင်ဖန်တီးနိုင်စွမ်းများ ဖော်ထုတ်ရန် ဦးဆောင်မှုပေးနိုင်ရမည်။

အထက်ပါ အရည်အချင်းများနှင့်ကိုက်ညီပြီး စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ (၁)လအတွင်း ရိုက်ထားသော ဓာတ်ပုံ၊ မျှော်မှန်းလစာများ ဖြည့်စွက်ပြီး အောက်ပါ E-mail လိပ်စာသို့ 30-6-2015 ရက်မတိုင်မီ ပေးပို့လျှောက်ထားနိုင်ပါသည်။

**U Thet Tun Aung (Ph) 09- 4250 21121**
**kthet14@gmail.com (or) mgthihaaung@ gmail.com**
**No.29(A), Parami Road, Mayangone Township, Yangon.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၇/မြို့မ အနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၀၆၉၉)၊ ဧရိယာ(၀. ၀၅၅)ဧက ဦးမျိုးဇော် အမည်ပေါက် နှစ်(၃၀) အငှားဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၁၆/၂၀၁၅(၃-၃-၂၀၁၅) ဖြင့် ဦးမျိုးဇော်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးဟန်မျိုးအောင် [၅/မမတ(နိုင်)၀၄၄၃၃၉]၊ အဖအမည် ဦးမျိုးချွန်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဦးငွေစိုး၊ ဦးဝင်းအောင်၊ ဒေါ်မူမူအောင်တို့အား မှတ်ပုံတင်မြေအရောင်းစာချုပ်ပြုလုပ်ပေးရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးပန်(ဘ)ဦးဘဆိုင်း [၁၂/ဥကတ(နိုင်)၀၀၅၆၆၉] အမှတ်(၂၆/က)၊ ၃၈လမ်း× ၇၉ လမ်းထောင့်၊ အောင်အောင်မိတ်ကပ်အလှပြင်ဆိုင်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၅၃)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်-၁၄(က)၊ မြေကွက်အမှတ်(၁/စ)၊ ဧရိယာ(၈. ၃၁၉)ဧက၊ ဦးလှအောင်၊ ဒေါ်ကျင်ဆိုင်အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ကို ကွယ်လွန်သွားသော ဦးလှအောင်၊ ဒေါ်ကျင်ဆိုင်တို့၏ တရားဝင်အမွေဆက်ခံသောသားသမီးများဖြစ်ကြသည့် ဦးငွေစိုး၊ ဦးဝင်းအောင်၊ ဒေါ်မူမူအောင်တို့က မိမိတို့တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းဖိုးငွေကျပ်-၆၀၀၀၀ဝိ/-(ကျပ်ခြောက်သိန်းတိတိ)ဖြင့်အပြီးအပိုင် ရောင်းချလိုကြောင်း စကားကမ်းလှမ်းချက်အရ ရောင်းသူများအဆိုပြုသည့် ရောင်းဈေးနှုန်းဖြင့်ပင် ဝယ်ယူသူ ဦးပန်က ဝယ်ယူရန် သဘောတူလက်ခံပြီး ၂၁-၇-၁၉၉၈ရက်တွင် မြေကိုလက်ရောက်ဝယ်ယူပြီး နေထိုင်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

ထိုမြေဝယ်ယူခြင်းကို ရန်ကုန်မြို့တော်မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်မြေအရောင်းစာချုပ်ပြုလုပ်ပေးရန် အသိပေးကြေညာအပ်ပါသည်။

ယခုသတင်းစာတွင် ကြေညာသောနေ့မှစ၍ (၁၀)ရက်အတွင်း မြေအရောင်းစာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားဝင်အသိပေးကြေညာအပ်ပါသည်။ ထို(၁၀)ရက်ကျော်လွန်သည်အထိ မှတ်ပုံတင်မြေအရောင်းစာချုပ်ပြုလုပ်မပေးပါက သဃ်န်းကျွန်းမြို့နယ် တရားရုံးတွင် (မှတ်ပုံတင်မြေအရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု)ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးပန်

ဦးပန်၏လွှဲအပ်ညွှန်ကြားချက်အရ-
ရန်ကုန်ဦးသိန်းထွန်း **B.A,H.G.P,R.L**
တရားလွှတ်တော်ရှေ့နေ(၁၇၃၁/၇၈)
အမှတ်(၂၇)၊ ၇၉-လမ်း၊ ၃၅×၃၆ကြား
အကွက်(၆၄၄)၊ မျက်ပါးရပ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၂၀၈၀၆၊ ၀၂-၂၂၆၇၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဦး၊ ကျွန်မ ဒေါ်ဝင်းနီလာမော်တို့၏ MONASHE TRADINGတို့၏ ID No. 796314, 838472 အညိုမှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၄၈၈၃၁၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအားရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်နေရာချထားခဲ့ရာတွင်ပါဝင်သူ ဦးသန်းမြင့် [၁၂/မဘန(နိုင်)၀၁၈၄၄၃]သည် မြေတိုင်းရပ်ကွက်အမှတ်(၁၆/တိုးချဲ့)၊ မြေကွက်အမှတ်(၈၀၉)၊ အကျယ်အဝန်း ပေ(၄၀×၆၀)တွင် မြေကွက်ရရှိခဲ့ပါသည်။ ဖော်ပြပါမြေကွက်သည် မြေချပါမစ်မထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးမူ[၁၂/လသရ(နိုင်)၀၂၅၃၅၇]မှ ၎င်းပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်ထောက်ခံစာများ ပူးတွဲတင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်းကန့်ကွက်လိုပါက ဤရုံးသို့(၁၄)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးသန်းမြင့်အမည်ဖြင့် မြေချပါမစ်ထုတ်ပေး သွားမည်ဖြစ်ပါသည်။

မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအားရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်နေရာချထားခဲ့ရာတွင်ပါဝင်သူ ဦးအောင်ကျော်ဦး[၁၂/ရပသ(နိုင်)၀၁၁၂၈၀]သည် မြေတိုင်းရပ်ကွက်အမှတ်(၁၆/တိုးချဲ့)၊ မြေကွက်အမှတ်-၇၄၇(က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)တွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အမည်ပေါက် ဦးအောင်ကျော်ဦးမှ မြေချပါမစ်မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်းကန့်ကွက်လိုပါက ဤရုံးသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးအောင်ကျော်ဦးအမည်ဖြင့် မြေချပါမစ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ ရွှေပေါက်ကံ(၂)ရပ်ကွက်၊ ဘူတာလမ်း၊ အမှတ်(၁၃၉၉) တွင် နေထိုင်သော ဦးအောင်မြတ်ခိုင် [၇/ညလပ(နိုင်)၀၀၁၃၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာလိုက်ပါသည်။

ဦးအောင်မြတ်ခိုင်(ဘ)ဦးစံလှ နှင့် ဒေါ်သင်းသင်းဦး(ဘ)ဦးစိန်ဝင်းတို့သည် လွန်ခဲ့သော (၁၄) နှစ်ခန့်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သူများဖြစ်ပါသည်။ အကြင်လင်မယားအဖြစ် ပေါင်းသင်းစဉ် အိမ်ထောင်သက်တစ်လျှောက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ်ခိုင်က (ဝင်းရွှေစင်-ရတနာရွှေဆိုင်)ဖွင့်၍ ဦးဆောင်လုပ်ကိုင်ကာ စီးပွားရှာဖွေကျွေးမွေး စောင့်ရှောက်ခဲ့ပါသည်။

ဒေါ်သင်းသင်းဦးအနေဖြင့် ငွေကြေးဖြုန်းတီးခြင်း၊ အကြောင်းမဲ့ ခင်ပွန်းဖြစ်သူအား ပြဿနာရှာခြင်း၊ အိမ်ရှိ ပရိဘောဂအသုံးအဆောင်ပစ္စည်းများကို ရိုက်ခွဲခြင်းတို့ဖြင့် စိတ်ဆင်းရဲမှုဖြစ်အောင် ပြုလုပ်ခဲ့သော်လည်း ကျွန်ုပ်၏မိတ်ဆွေက အိမ်ထောင်ဦးစီးခင်ပွန်းကောင်းပီသစွာ စိတ်ရှည်သည်းခံ ပေါင်းသင်းနေထိုင်ပေးခဲ့ပါသည်။ ၃-၅-၂၀၁၅ ရက်က ကျွန်ုပ်၏မိတ်ဆွေ ခရီးသွား၍ အိမ်တွင် မရှိခိုက် ရွှေဆိုင်မှ စိန်၊ ရွှေ ရတနာပစ္စည်းမျိုးစုံ၊ ကျပ် သိန်း(၆၀၀) ခန့် ထည့်သိမ်းထားသည့် မီးခံသေတ္တာကို ဒေါ်သင်းသင်းဦးက ၎င်းအသိများအကူအညီဖြင့် သယ်ဆောင်သွားခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေ အိမ်ပြန်ရောက်သည့်အခါ ၎င်းပေးဆပ်ရန်ရှိသော အကြွေးများကို ဆပ်ပေးပါက မီးခံသေတ္တာပြန်ပေးမည်ဟု အကျပ်ကိုင်ပြောဆိုပြီး ယနေ့အချိန်ထိ ၎င်းလက်ဝယ်တွင်ထားရှိ နေခဲ့ပါသည်။

ဒေါ်သင်းသင်းဦး၏ အိမ်ထောင်သက်အတွင်း ပြောဆိုပြုမူနေထိုင်မှုများသည် ခွင့်မလွှတ်နိုင်လောက်သည့် အပြုအမူ၊ အပြောအဆိုများ ကျင့်သုံးနေသည့်အတွက် ယခုကြေညာချိန်မှစ၍ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ကျွန်ုပ်မိတ်ဆွေ၏ အိမ်ခြံနယ်နိမိတ်အတွင်း ဝင်ရောက်၍ ပြဿနာရှာပါက တရားစွဲဆိုခံရမည်ဖြစ်ပြီး သင်နှင့်ကျွန်ုပ်မိတ်ဆွေတို့သည် မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်လွင် (တရားလွှတ်တော်ရှေ့နေ)
ဖုန်း-၀၉-၅၃၈၅၄၂၇၊ ၀၉-၉၇၂၈၅၃၁၅၄

# ပုလဲသွယ်စပ်မျိုး ကြိုးဖြင့် ဝတ်မှုန်ကူးခြင်းပြုလုပ်

**ညောင်ရွှေ ဇွန် ၁၅**

ဒေသတွင်းလိုအပ်လျက်ရှိသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ရန်၊ ပုလဲသွယ်စပ်မျိုးစပါးများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ် ၁၃ ဦးပိုင် ၁၁၇ ရှိ တောင်သူ ဦးဝင်းရွှေ၏လယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ အထူးအထွက်တိုးစပ်မျိုးစပါး ပုလဲသွယ် (လုံ-၈) ငါးဧကမျိုးစေ့ထုတ် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း ကြိုးဖြင့်ဝတ်မှုန်ကူးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါစိုက်ခင်းတွင် ဆောင်ရွက်ခဲ့သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းဖြင့် တစ်ဧကလျှင် ၈၄၀ ကီလိုထွက်ရှိမည်ဖြစ်ကြောင်း၊ မျိုးတစ်ဧကလျှင် ဧက ၁၂၀ မျိုးဖြန့်ဖြူးပေးနိုင်ပြီး ငါးဧကစိုက်ပျိုးထားရှိခြင်းအတွက် ဧကခြောက်ရာစိုက်ပျိုးနိုင်ရန် မျိုးဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ လာမည့်စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများထံသို့ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ရှင်းပြသည်။

ဝတ်မှုန်ကူးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန ဇလွန်မြို့ ရေဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြသ

**ဇလွန် ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဇလွန်မြို့ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ဧရာဝတီ၊ ဟင်္သာတ၊ တာမိုင် ၁၈/၀ (ဝါသလ) ကျေးရွာ ရေကင်းစခန်းအမှတ်(၁) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်ကတာပေါ်ရေလျှံခြင်းအတွက် ကန်သင်းဆင့်ခြင်း၊ တာအိတာလျှောခြင်းအတွက် တုတ်တန်းရိုက်ခြင်း၊ သဲအိတ်ချကာကွယ်ခြင်း၊ ရေပေါက်ပေါက်ခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေကာကွယ်ခြင်းတို့ကို ရှင်းလင်းပြောကြား၍ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့တွင် မြေစာရင်းလုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၁၅**

မြစ်ကြီးနားခရိုင်အတွင်း မြေစာရင်းလုပ်ငန်းခွင် ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစောဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ မြစ်ကြီးနားခရိုင်အတွင်းမှ သင်တန်းသားဝန်ထမ်း ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၁၃ ရက်နှင့် ၁၄ ရက်အထိ နှစ်ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၁၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ဟားခါးမြို့၌ ကျင်းပ



**ဟားခါး ဇွန် ၁၅**

၂၀၁၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ရုန်းတောင်ထိပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲတော်သို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စစ်ဗျူဟာအခြေချ(ဟားခါး)မှ အရာရှိ၊ အကြပ် စစ်သည်မိသားစုဝင်များ၊ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀၀ ကျော်ခန့်ပါဝင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်က ချယ်ရီပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက ရေသင်းဝင် ၅၀၀၊ ချယ်ရီ ၂၀၀၊ မိုင်းဘော ၁၀၀၊ ယူကလစ် ၂၀၀၊ ထင်းရှူး ၂၀၀ နှင့် ရှားနက် ၃၀၀ စုစုပေါင်းပျိုးပင် ၁၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီက ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်း၊ ရေအရင်းအမြစ်တည်ရှိရာ သီးမစ်ချောင်း ရေကာတာတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း သံပိုက်လုံးများ အချိန်မီ သွယ်တန်းတပ်ဆင်နိုင်ရေးတို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာ လုပ်ငန်းများစစ်ဆေး

**သထုံ ဇွန် ၁၅**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့်ဝန်ထမ်းများသည် ဇွန် ၁၀ ရက်က သထုံမြို့နယ် သုံးအိမ်စုကျေးရွာ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ငွေစာရင်းရေးသွင်းမှု တိကျမှန်ကန်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

**(ကျေးလက်ဦးစီး)**

MSS ရည်မှန်းချက် ကြီးမားသူတို့၏ အောင်မြေ
ဒေါ်တင်မိုးဝေ
World Gold Medallist
L.C.C.I-I & II, III, Auto Count, MYOB
စာရင်းကိုင်နှင့်ကွန်ပျူတာစာရင်းကိုင်သင်တန်းများ
တနင်္ဂနွေ(၁)ရက်တက်၊ စနေ တနင်္ဂနွေ(၂)ရက်တက်သင်တန်းများ
ဂုဏ်၊ ကျော်သူ(၁၇)လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့
Ph- 09 50 88 264, 09 541 0909

Golden Crown City & Guilds
Engineering Training Center
Mechanical, Electrical & Electronic, Civil
City & Guilds မှအသစ်ပြဌာန်းလိုက်သော New Syllabus ဖြင့် သင်ကြားမည်။
"တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ လုပ်ငန်းခွင်သို့ဝင်ရောက်နေပြီးနိုင်ငံတကာ အသိအမှတ်ပြုဒီပလိုမာရလိုသူများ AGTI, B.Tech, B.E အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်"
Major တန်းခွဲသစ်များစပြီ။ (ရုံးချိန်အတွင်း/ရုံးချိန်လွတ်) တန်းခွဲသစ်များစပြီ။
အမှတ်(၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာ(အောက်)၊ ကျောက်တံတား၊ Ph- 01 373030, 09 73234992
တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံပြီ။




**ပါဝင်လှူဒါန်းနိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင်
သိပ္ပါလယ-အင်ကြင်းကုန်းတောရတရားရိပ်သာကို မြေ(၅. ၆)ဧကပေါ်တွင်
မည်သည့်နည်းနှင့်မဆို ရာသက်ပန် တရားအားထုတ်လိုသော
ရဟန်း၊ ရှင်၊ လူ၊ သူတော်စင်များအတွက် တည်ထောင်နေပြီဖြစ်ပါ၍
အောက်ပါအလှူများကို လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) စုပေါင်းတရားထိုင်ရန် သိပ္ပါလယဓမ္မသာလာ ဓမ္မာရုံ(၈၀×၄၀)ပေ | | | |
| နံရံတစ်ခန်း | (၁၀×၁၅)ပေ | | (၉)သိန်းကျပ် |
| မျက်နှာကြက် | (၁၀×၁၅)ပေ | | (၁၀)သိန်းကျပ် |
| တိုင် | (၁)လုံး | | (၈)သိန်းကျပ် |
| ဝရန်တာ | (၁၀×၁၅)ပေ (၁)ခန်း | | (၆)သိန်းကျပ် |
| လှေကား | (၈×၁၂)ပေ | | (၁၅)သိန်းကျပ် |
| (၂) ယောဂီ(၅)ယောက် (အမျိုးသား/အမျိုးသမီး) | | (၁၈×၅၀)ပေ | (၁၀၀)သိန်းကျပ် |
| ယောဂီ(၁)ယောက် (အမျိုးသား/အမျိုးသမီး) | | (၁၅×၁၀)ပေ | (၃၀)သိန်းကျပ် |
| (၃) ရေကန်ကြီး | | | (၁၅)သိန်းကျပ် |
| ရေကန်သေး | | | (၇)သိန်းကျပ် |
| မဟာရံအုတ်တံတိုင်း | (၆×၁၀)ပေ | | (၈)သောင်းကျပ် |
| အလင်းမီးတိုင် | (၁)တိုင် | | (၈)သောင်းကျပ် |
| ကုဋီ(၃)ခန်းတွဲ | (ရေချိုးခန်းပါ) | | (၁၅)သိန်းကျပ် |
| သံဃာဆောင် | | | (၁၀၀)သိန်းကျပ် |

ဆက်သွယ်လှူဒါန်းလိုပါလျှင်
ဘဒ္ဒန္တက္ကန္ဒောဘာသ(သာသနဝံ့ဇ ဓမ္မာစရိယ)
သိပ္ပါလယ ပရိယတ္တိစာသင်တိုက်နှင့် တောရရိပ်သာ
အမှတ်(၁၄/၂)ရပ်ကွက်၊ ဟင်္သာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၅၆၁၃၂၇၊ ၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၆၄၀၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၁၃)လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော ပေ(၄၀×၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်အုံးသိ[၁၂/သကတ(နိုင်)၀၈၅၁၄၆]အမည်ပေါက်ဖြစ်ပြီး ဒေါ်အုံးသိကသော်လည်းကောင်း၊ ဒေါ်အုံးသိကလွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၃၅၆/၂၀၁၂ကို ရရှိသူ ဦးမြင့်ဆွေ[၁၂/သကတ(နိုင်)၀၈၄၂၃၈]က သော်လည်းကောင်း၊ ယင်းမြေကွက်ကို အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့မရှိကြောင်းနှင့် ဒေါ်အုံးသိသာလျှင် ဖော်ပြပါမြေကွက်၏ပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်အုံးသိနှင့်ဦးမြင့်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၆၃၆

## ပြည်တွင်းရေးရာ

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ပိုစတာစိုက်ထူ

**ရန်ကုန် ဇွန် ၁၅**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ နည်းဗျူဟာသုံးရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးစသည်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘိန်းစိုက်ပျိုးမှုချုပ်ငြိမ်းပပျောက်ရေးတို့ကို အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာစိုက်ထူပွဲကို ပြုလုပ်ခဲ့ကြောင်းသိရသည်

ပိုစတာစိုက်ထူပွဲသို့ ဌာနဆိုင်ရာအသီးသီးမှပုဂ္ဂိုလ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ကြက်ခြေနီ၊ မီးသတ်နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တံတားမြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တံတားရဲစခန်းမှ ဒုရဲအုပ်သန်းအောင်ထွေးက "မူးယစ်ဟူကဆန့်ကျင်ကြ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တံတားမြို့ဆေးရုံမှ ဒေါက်တာဗိုလ်မင်းက မူးယစ်ဆေး၏ဆိုးကျိုးများကိုလည်းကောင်း ပြောကြား၍ တံတားမြို့ပြန်/ဆက်ဦးစီးမှူး ဦးမျိုးလွင်က လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



**ကယားပြည်နယ် ဖရူဆိုမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနၨ လွိုင်ကော်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်း၍ ဇွန် ၁၃ ရက်က ယာဉ်လိုင်စင်နှင့် အမောင်းလိုင်စင်များ အသစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးပေး ခြင်းလုပ်ငန်းများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးနေစဉ်။**

**(မြို့နယ်ပြန်/ဆက်)**

# မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေး

**ညောင်တုန်း ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီးညောင်တုန်းမြို့တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက်နံနက်ကမြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ပြုလုပ်ရာ ညောင်ဝိုင်းကျေးရွာမှ တောင်သူ ၂၆၁ ဦးတို့အား တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၄၇၃ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

ညောင်တုန်းမြို့နယ်တွင် ကျေးရွာ ၄၄ အုပ်စုရှိရာ ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ယခုနှစ်တွင် ငွေကျပ် ၄၉၅၃၅ သိန်းကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော ကျေးရွာအုပ်စုများမှ တောင်သူများအား စိုက်ပျိုးချိန်အမီ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဦးမြင့်ဆန်းထံမှ သိရသည်။

**ဝ၇၆**

# ကလောမြို့နယ်လုံးဆိုင်ရာ (၂၈) ကြိမ်မြောက် ပိဋကတ္တယပါဒက စာလျှောက်စာပြန်ပွဲတွင် စာချတန်း(သုံးကျမ်း) ထူးချွန်စွာအောင်မြင်

**ကလော ဇွန် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်လုံးဆိုင်ရာ (၂၈) ကြိမ်မြောက် 'ပိဋကတ္တယပါဒက' စာလျှောက်စာပြန်ပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် ဇွန် ၃ ရက် (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော်၂ ရက်) မှ ဇွန် ၁၂ ရက် (နယုန်လပြည့်ကျော် ၁၀ ရက်) အထိ အောင်ပန်းမြို့ မြို့မပြင်သာဘုန်းတော်ကြီးစာသင်တိုက်တွင်ကျင်းပခဲ့ရာ ကလောမြို့နယ်လုံးဆိုင်ရာ ပိဋကတ္တယပါဒကစာပြန်ပွဲတော်တွင် ကလောမြို့နယ် ဟဲဟိုးမြို့ သာသနဝိပုလ္လမြို့လယ်ဘုန်းတော်ကြီးစာသင်ကျောင်းတိုက်မှ ဦးဝိဝေကဘိဝံသ (သက်တော် ၂၂ နှစ်) ကို စာချတန်း (သုံးကျမ်း) ပိဋကတ္တယပါဒကပရိယတ္တိ ဓမ္မာစရိယဘွဲ့ ထူးချွန်စွာအောင်မြင်သည့် သံဃာတော်တစ်ပါးအဖြစ် ဘွဲ့တံဆိပ်တော်ဆက်ကပ်အပ်နှင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကလောမြို့နယ်လုံးဆိုင်ရာ စာလျှောက်စာပြန်ပွဲတော်တွင် ကလောမြို့၊ အောင်ပန်းမြို့၊ ဟဲဟိုးမြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ် နောင်တရားတီကျစ်မြို့တို့မှ မူလတန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ စာချတန်းကျမ်းပြီး၊ စာချတန်းကျမ်းစွဲ၊ စာလျှောက်စာပြန်ပွဲများတွင် သံဃာတော် ၆၉၆ ပါး ဝင်ရောက်၍ စာဖြေ စာပြန်ရာ၅၄၉ ပါးအောင်မြင်ခဲ့ကြောင်း စာပြန်ပွဲကျင်းရေး ကော်မတီအတွင်းရေးမှူး အောင်ပန်းမြို့အမှတ် ၂ မဲဆန္ဒနယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး၏ပြောပြချက်အရသိရသည်။

**(ဝ၉၁)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**တွံတေး ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အုန်းပင်စုရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းကို ဇွန် ၁၃ ရက် နံနက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အထောက်ကူပြုကော်မတီဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းအပြင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ ကြီးကြပ်၍ ကျန်းမာရေးပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်များကို အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

☎:01-512443,09-73017656, 09-32380867

ပုသိမ်ပေါ်ဆန်းမွှေး
ကောင်းကောင်းလေး
ရပါပြီ
သန့်စင်ပြီး/အရောက်ပို့

အမြန်ရောင်းမည်
Coffee & Bakery
(လုပ်ငန်း)
(ယခုဖွင့်လှစ်ဆဲ)
၇/၈ လမ်းဆုံအနီး၊ မြောက်ဒဂုံ
Ph:09-423726948, 09- 428048291

ရောင်းမည်/ငှားမည်
၁။ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေပုဇွန် အအေးဆိုင်အနီး၊ မြေ(100'×100') ပေါ်ရှိ (၁)ထပ်တိုက်(၁)လုံး
၂။ ဘောဂသီရိအဝေးပြေးကားဂိတ်အနီး၊ (75'×50')အဆောက်အအုံနှင့် မြေ(၂)ကွေ။
ဖုန်း 09-448026388, 09-73104047

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770







## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ရွှေလျှံဗိုလ်လမ်း၊ အမှတ်(၂၆၆/ခ) ဟုခေါ်တွင်သောအကျယ်ပေ(၂၀×၆၀) ရှိနှစ်(၆၀)မြေဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်အား ကွယ်လွန်သူဦးတင်မြင့် [၁၂/ဗတထ (နိုင်)၀၂၈၄၆၂]က ၎င်းမကွယ်လွန်မီ ၁-၁၂-၂၀၀၆ရက်တွင် မူလဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ထံမှ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပြီး လက်ရောက်ပိုင်ဆိုင်ခဲ့ပါသည်။

ဦးတင်မြင့်မှာ လူပျိုကြီးဘဝဖြင့် ၄-၄-၂၀၁၅ ရက်တွင်ကွယ်လွန်ခဲ့ရာ ၎င်းပိုင်ဆိုင်သောမြေနှင့်အိမ်အားအမွေဆိုင်ညီမများဖြစ်ကြသည့် ဒေါ်မိုးမိုးမြင့်[၁၂/ဗတထ(နိုင်) ၀၂၈၅၉၅]နှင့် ဒေါ်ခင်ထွေးမြင့်[၁၂/ဗတထ(နိုင်)၀၃၁၇၄၂]တို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်ထွေးမြင့်
[၁၂/ဗတထ(နိုင်)၀၃၁၇၄၂]

လွှဲအပ်ညွှန်ကြားချက်အရ
(ဦးခင်မြ)
တရားလွှတ်တော်ရှေ့နေ
စဥ်-၇၀၆၂/၂၀၀၂
အမှတ်-၈၄၊ မြေညီထပ်၊
၃၇လမ်း၊(အုန်းစော စာအုပ်ဆိုင်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့


SAMSUNG
ဝသန်မိုးနဲ့တူ
အမှတ်တရလက်ဆောင်
ရယူကြမယ်...
5000mAh Power Bank + 32GB MicroSD Card
Samsung GALAXY Note 4
2600mAh Power Bank
Samsung GALAXY E5
2600mAh Power Bank
Samsung GALAXY E7
16GB MicroSD Card
Samsung GALAXY GRAND Neo Plus
16GB MicroSD Card
Samsung GALAXY GRAND Prime
8GB MicroSD Card
Samsung GALAXY CORE Prime
8GB MicroSD Card
Samsung GALAXY J1
8GB MicroSD Card
Samsung GALAXY V
လက်ဆောင် အရေအတွက် သတ်မှတ်ထားလို့
အမြန်ဆုံးဝယ်ယူမှ စိတ်ချရမယ်နော်...
သတ်မှတ်ကာလအတွင်း တရားဝင်တင်သွင်းရောင်းချသော အထက်ပါ Samsung Smart Phone ဝယ်ယူသူတိုင်း လက်ဆောင်ရယူနိုင်ပါတယ်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM

Hot Line No-0930500100

# မြန်မာ့စွမ်းရည်ပြသပြီး မြန်မာ့ဂုဏ်ဆောင်နိုင်ဖို့ ရေကုန်ရေခန်း ကြိုးစားခဲ့

**နေပြည်တော်  ဇွန်  ၁၅**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဘောလုံးဗိုလ်လုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသည့် ဘောလုံးသမားများအား ဗိုလ်လုပွဲမတိုင်မီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုအားပေးစကားပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက သမိုင်းဝင်မည့် ဘောလုံးဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့် မြန်မာဘောလုံးအသင်း၏စွမ်းဆောင်မှုများကို မိမိအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြပါကြောင်း၊ ယနေ့ကစားမည့် ဘောလုံးဗိုလ်လုပွဲ၌ မြန်မာလူငယ်ဘောလုံးသမားများအနေဖြင့် အားကစားစိတ်ဓာတ်ကိုအခြေခံပြီး စိတ်ဓာတ်မြင့်မြင့်မားမားနှင့် မြန်မာ့စွမ်းရည်ကိုပြသပြီး မြန်မာ့ဂုဏ်ကိုဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများအားလုံးကလည်း မြန်မာဘောလုံးအသင်းကို မိမိနှင့်အတူ တစ်ခဲနက်အားပေးနေကြမည်ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲအသီးသီးတွင် ယှဉ်ပြိုင်နေကြသည့် မြန်မာ့ဂုဏ်ဆောင်အားကစားသမားများနှင့် အားကစားနည်းပြများအနေဖြင့် မြန်မာ့စွမ်းရည်ကိုပြသပြီး မြန်မာ့ဂုဏ်ဆောင်နိုင်ရန်အတွက် ရေကုန်ရေခန်းကြိုးစားအားထုတ်နေကြသည့် မြန်မာ့အားကစားသမားများကို မိမိအပါအဝင် ပြည်သူအားလုံး ကြည့်ရှုအားပေးရင်း ဆုမွန်ကောင်း တောင်းလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဘောလုံးဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် *MRTV News Channel,MRTV Entertainment Channel* နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)


ယနေ့ မာတိကာ

အမျိုးသားလေကြောင်းလိုင်းမှ နောက်ဆုံးပေါ် လေယာဉ်သစ်များနှင့် ဝန်ဆောင်မှုပေးမည်
စာမျက်နှာ - ၈

ကော့သောင်းမြို့တွင် မိုးသည်းထန်၍ မြေပြိုမှုဖြစ်ပွား
စာမျက်နှာ - ၁၀

ရောဘတ်ပက်တီဆန် ရိုက်ကူးနေတဲ့ ကန္တာရရဲ့ဘုရင်မ
စာမျက်နှာ - ၁၂




ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့တွင် မြန်မာ-ထိုင်းဘောလုံးအသင်းယှဉ်ပြိုင်မှုကို အားမာန်အပြည့်ဖြင့် အားပေးနေကြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

## မြန်မာယူ-၂၃ ဘောလုံးအသင်း အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့

**ရန်ကုန်  ဇွန်  ၁၅**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲမှာ မြန်မာယူ-၂၃ ဘောလုံးအသင်း အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ပေမယ့် ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ပထမပိုင်း ၄၅ မိနစ်အတွင်းမှာ အပြန်အလှန်ထိုးဖောက်ကစားနိုင်ခဲ့ပေမယ့် မြန်မာဂိုးသမား ကျော်ဇင်ဖြိုးရဲ့ စွမ်းစွမ်းတမံ လက်စွမ်းပြကာကွယ်မှုများကြောင့်သာ ပထမပိုင်းမှာ ဂိုးမပေးရတာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ထိုင်းအသင်းဟာ တွဲဖက်ညီညီ အပေးအယူမျှမျှနဲ့ မြန်မာအသင်းဘက်ကို တရစပ်ထိုးဖောက်တိုက်စစ်ဆင်မှုတွေကို မြန်မာနောက်တန်းကစားသမားတွေနဲ့ ဂိုးသမား မနားတမ်းဖျက်ထုတ်ကာကွယ်ခဲ့ရပါတယ်။ ခြေအသာ၊ ကိုယ်ခန္ဓာ အရပ်အမောင်း ကွာခြားချက်တွေနဲ့ ဒေသတွင်း ပြိုင်ဘက်ဟောင်းကြီး ထိုင်းအသင်းကို မြန်မာအသင်းဟာ သုံးဂိုး-ဂိုးမရှိနဲ့ အရှုံးပေးခဲ့ရပါတယ်။ ဒီပွဲကို ရှုံးနိမ့်ခဲ့ရတဲ့ မြန်မာအသင်းဟာ ဒုတိယဆုနဲ့ပဲ ကျေနပ်ခဲ့ရပြီး ထိုင်းနဲ့တွေ့ဆုံခဲ့တဲ့ ဗိုလ်လုပွဲသုံးကြိမ်လုံးကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၅ ဗိုလ်လုပွဲ သုံးကြိမ်တွေ့ဆုံခဲ့တာဖြစ်ပြီး မြန်မာအသင်း ဒုတိယဆုတွေနဲ့ပဲ ကျေနပ်ခဲ့ရတာပါ။ မြန်မာအသင်းဟာ ၁၉၈၉ ခုနှစ်နောက်ပိုင်း ထိုင်းအသင်းနဲ့ တွေ့ဆုံခဲ့တာမှာ အနိုင်ရရှိမှုမရှိခဲ့ဘဲ

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❋